သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၈)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်အားပို့ဆောင်နှုတ်ဆက်

ရန်ကုန် မေ ၄

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

5-4 (01).p65 1 3/24/05, 3:54 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၅ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ကြိုးပမ်း ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်ကိုကာကွယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဟူသည့် အမျိုးသားရေးပန်းတိုင်သို့ လျင်မြန်စွာ ရောက်ရှိနိုင်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ဟိုင်းကြီးကျွန်းဒေသသည် နိုင်ငံတော်၏ပင်လယ်ပြင် နယ်နိမိတ်နှင့် ဆက်စပ်တည်ရှိနေသော ဒေသဖြစ်ရာ ယင်းဒေသ၌ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ အုပ်ချုပ်မှုစနစ် မှန်ကန်ခိုင်မာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ဟန်ချက်ညီညီ အားထည့်ထူထောင်ရန် လိုအပ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဧပြီလ ၁ရက်နေ့က ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဧည့်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေတို့က ဟိုင်းကြီးကျွန်းဒေသနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"နယ်မြေခံ ပြည်သူများအတွင်း၌ နိုင်ငံတော်လုံခြုံရေးစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်၊ ပြည်ထောင်စုကြီး ကို မြတ်နိုးတွယ်တာသော စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းနေပြီး မိမိတို့နယ်မြေ၊ မိမိတို့နိုင်ငံတော်ကို မိမိတို့ကိုယ်တိုင် ကာကွယ်လိုစိတ်ရှိကြရန် လိုကြောင်း"

လမ်းညွှန် မိန့်ကြားသည်။

နိုင်ငံတော်အပိုင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အားဖြည့်စီမံ ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်သွားခြင်းဖြင့် ဟိုင်းကြီးကျွန်းနှင့် ပတ်ဝန်းကျင်ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ဒေသအတွင်း သွားရေးလာရေး လွယ်ကူချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဒေသခံအာဏာပိုင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန်လည်း လိုအပ်သည်။

ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးရေးကိုသာမက ဆက်စပ်နေသော ပတ်ဝန်းကျင် နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် နယ်မြေဒေသ လုံခြုံရေးကိုပါ အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။

နယ်မြေဒေသများဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အချိတ်အဆက်မိမိ အကောင်အထည်ဖော်သွားကြရန် လိုပေသည်။

ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ သို့မှသာ ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ခိုင်မာမြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ မိမိတို့နယ်မြေဒေသ၊ မိမိတို့နိုင်ငံတော်ကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

တက္ကသိုလ်များ သမိုင်းအထူး ပြုကျောင်း သားကျောင်း သူဟောင်းများနှင့် မျိုး ဆက် သစ်ကျောင်းသားများ ပဥ္စမ အကြိမ် အာစရိယ ပူဇော်ပွဲကိုမတ်၂၈ရက်တွင်တက္ကသိုလ်စိန်ရတု ခန်းမ၌ကျင်း ပ ရာ ကျောင်း သားကျောင်းသူများက အပူဇော်ခံဆရာကြီးဆရာမကြီးများအားကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဆင့်ဖိုရမ်သို့တက်ရောက်ခဲ့

ရန်ကုန် ဧပြီ ၄

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဂျီကျူမြို့၌ မတ် ၂၇ရက်မှ မတ် ၃၁ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ် အုပ်ချုပ်မှုကောင်စီ၏ အဋ္ဌမအကြိမ် အထူးအစည်းအဝေး၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးအဆင့်ဖိုရမ်သို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ ညနေ ၆နာရီ မိနစ် ၄၀တွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ (အပေါ်ပုံ)

ဝန်ကြီးဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Kyung-Wooနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆို နှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းလည်း ပြန်လည်လိုက်ပါလာသည်။ **(သတင်းစဉ်)**

သင်္ကြန်တွင်းတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စာဘူးတောင်းကွက်သစ်ကျေးရွာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၃၂၂ တည်ရှိရာ ကုသလာရာမချမ်းမြေ့ငြိမ်း ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် အရှင်ကုသလသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်နှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ဟောကြားပို့ချမည်ဖြစ်သည်။ တရား အားထုတ်လိုသူများသည် ဖုန်း-၂၄၆၈၂၁၊ ၅၇၇၉၈၉ နှင့် ၆၂၉၁၈၆ တို့သို့ ဧပြီ ၈ ရက် နောက်ဆုံး ထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် စခန်းဝင်မည့်ယောဂီများ ဧပြီ ၉ ရက် ညနေ ၅ နာရီအရောက် လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၇)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်တရားစခန်းပွဲ ကျင်းပပြုလုပ်မည်ဖြစ်ရာ မူလ ကမ္မဋ္ဌာနာစရိယဆရာကြီး (ဦးကြည်)၏ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် အရန်တရားဟော ဓမ္မကထိကများက ဟောကြားပြသမည်ဖြစ်သဖြင့် ဧပြီ၁၁ရက်မှ ဧပြီ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ညနေ ၅နာရီအရောက်ရန်ကုန်တိုင်းမရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်မင်းချောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာတရားပြ ရိပ်သာသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သိက္ခာထပ်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဝိဇ္ဇာလင်္ကာရ မန္တလေးပရိယတ္တိ စာသင်တိုက်ကြီး၏ သောတုဇနဆွမ်းစား ကျောင်းဆောင်သစ်ကြီး ရေစက်ချ အလှူတော်မင်္ဂလာနှင့် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တရေဝတမထေရ်မြတ် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို (၁၃၆၆ခုနှစ် ကဆုန်လဆန်း၇ရက်) ဧပြီ ၂၅ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီတွင်ကျင်းပမည်ဖြစ်ရာအလှူဒါယကာ၊ ဒါယိကာမများ ကုသိုလ်ယူရေစက်ချတရားနာယူနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် (၁၂)ကြိမ်မြောက် (၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာ မဟာသင်္ကြန်အထူး ဒုလ္လဘရဟန်းခံရှင်ပြုပွဲကို စိတ္တသုခကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ပြီး သင်္ကြန်တရားစခန်းများကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံ မစ္စတာ ယူဆွတ်အလီနှင့် သံရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီး အကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက် သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၄

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၅၁)ရပ်ကွက် ယောမင်းကြီးလမ်းရှိ သီရိမင်္ဂလာမဟာစည်ရိပ်သာတွင် ဆဋ္ဌသင်္ဂီတိ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်၏ ဥပနိဿယ အတိုင်း အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကအဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာတို့၏ သြဝါဒါစရိယ ဘဒ္ဒန္တသံဝရ ဆရာတော်ကြီးအား ဦးထိပ်ထား၍ သီရိမင်္ဂလာ မဟာစည်ရိပ်သာ ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေတွံတေး အရှင်ဣန္ဒကနှင့် တပည့်များဖြစ်ကြသော ထီလာအရှင်သုဇာတ၊ ရွှေတံတား အရှင်ဝဏ္ဏိသရ၊ ဒီပဲယင်း အရှင်သံဝရတို့မှ တန်ခူးလပြည့်ကျော် ၄ ရက်မှ ၁၃ ရက်ထိ (ဧပြီ ၈ ရက်မှ ၁၇ ရက်)အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်ပါသောကြောင့် တရားအားထုတ်လိုသော ယောဂီများ သီရိမင်္ဂလာ မဟာစည်ရိပ်သာ ယောဂီစောင့်ရှောက်ရေးအဖွဲ့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၄၀၀)**

သဒ္ဓမ္မ မဏ္ဍိုင်ကျောင်းတိုက် တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၄

သဃ်ၤန်းကျွန်းမြို့နယ် ဓ/တောင် ရပ်ကွက် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၌ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ တရားစခန်းကို အဋ္ဌမအကြိမ်မြောက် အဖြစ် ဧပြီ ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများနှင့် လှူဒါန်းလိုသူများသည် သဒ္ဓမ္မမဏ္ဍိုင် ကျောင်းတိုက် ပစ္စယာနုဂ္ဂဟအဖွဲ့ ဖုန်း-၀၁-၅၇၁၁၃၄ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်အဖွဲ့၏ (၂/၂၀၀၄)အစည်းအဝေးကို ဧပြီ ၂ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အဖွဲ့ချုပ်ရုံးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း၊ အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ဆန်းက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အဖွဲ့ချုပ်၏ ရေ့လုပ်ငန်းစဉ်များအဖြစ် အဖွဲ့ချုပ်အစီအစဉ်ဖြင့် တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆုချီးမြှင့်ရေး၊ အားကစားဂျာနယ်ထုတ်ဝေရေး၊ အားကစားဟောပြောပွဲနှင့် သရုပ်ပြပွဲများ ကျင်းပရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဆရာတော် အင်းစိန်ပေါက်တောကျောင်းတိုက်မှ ဦးဩဘာသ (ဘီအေဓမ္မာစရိယ) အရှင်သူမြတ်သည် အဖွဲ့ခွဲ(၁၄) မြိတ်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ သင်္ကြန်တွင်း ခုနစ်ရက်စခန်းပွဲကို ဧပြီ ၄ ရက်မှ ဧပြီ ၁၇ ရက်ထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဧပြီ ၃ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် မာမွတ်ဒီးယားရပ်ကွက်ဒေသ၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဆက်နွယ်သူများအား ပြောက်ကျားများက တိုက်ခိုက်ခဲ့ပြီးနောက် ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲသံကြီးကြားရ အဖြစ်အပျက်နှင့်စပ်လျဉ်း၍ မသိရသေး

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ မြို့လယ်ကောင်တွင် ဧပြီ ၂ ရက်က ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခု ကြားခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မည်သည့်အတွက်ကြောင့် ပေါက်ကွဲမှုဖြစ်သည်ကို ချက်ချင်းမသိရသေးဘဲရှိသည်။ ဧပြီ ၉ ရက်၌ ဆက်ဒမ်ဟူစိန်ဖယ်ရှားခြင်းခံရသည့် တစ်နှစ်ပြည့်ခါနီးအချိန်တွင် ဘဂ္ဂဒက်၌ တိုက်ခိုက်မှုများ ပိုဖြစ်လာနိုင်ကြောင်း သတိပေးထားခဲ့သည်။

ပစ်ခတ်

ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် အစိမ်းရောင်ဒေသဟုခေါ်သော အမေရိကန်စစ်ဘက်နှင့် အရပ်ဘက်ဌာနချုပ်များကို ရည်ရွယ်လျက် ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပုံမှန်ပစ်ခတ်လေ့ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဗီယက်နမ်၌ ထုတ်လုပ်မှုတန်ဖိုးမြင့်တက်

ဟန္နိုင် ဧပြီ ၄

ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဌာနတို့၏ ထုတ်လုပ်မှုတန်ဖိုးသည် ယခုနှစ်၏ ပထမသုံးလပတ်တွင် ဒေါင်ငွေ ၃၆ ဒသမ ၁ ထရီလီယံ (ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ)ရှိရာ နှစ်အလိုက် သုည ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ယင်းကာလအတွက် စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်း၏ ထုတ်လုပ်မှုတန်ဖိုး သည် ဒေါင်ငွေ ၂၈ ထရီလီယံ (ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ) နှင့် ဒေါင်ငွေ ၆ ဒသမ ၆ ထရီလီယံ (ဒေါ်လာ ၄၂၃ သန်း) အသီးသီး ရှိခဲ့သည်။

ထိုအတောအတွင်း သစ်တောဌာန၏ ထုတ်လုပ်မှုတန်ဖိုးသည် ဒေါင်ငွေ ၁ ဒသမ ၅ ထရီလီယံ (ဒေါ်လာ ၉၆ ဒသမ ၂ သန်း)ထိ သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အဆိုပါ ပြည်တွင်းထုတ်ကုန်များ၏ အဓိက ဈေးကွက်များမှာ အမေရိကန် ပြည်ထောင်စု၊ ဂျပန်နှင့် ဥရောပသမဂ္ဂ (အီးယူ)တို့ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ထောင်ပေါင်းများစွာ ဘဂ္ဂဒက်၌ ကန့်ဆန့်ကျင်ရေးဆန္ဒပြ ကန်နှင့်အပေါင်းပါတို့ကို တိုက်ခိုက်မှုများ ပိုမိုမြင့်မားလာလျက်ရှိ

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအပေါ် အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများ ပိုမိုမြင့်မားလျက်ရှိနေရာ အီရတ်တပ်ဖွဲ့ဝင်များလိုက်ပါလာသော ယာဉ်တန်းကို ချုံခိုတိုက်ခိုက်မှုတစ်ရပ် ယမန်နေ့က ဖြစ်ပွားခဲ့သည်။ အီရတ်ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံကိုကျူးကျော်သိမ်းပိုက်ထားသော အမေရိကန်နှင့်အတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နေရသည့်အတွက် အီရတ်ရဲတပ်ဖွဲ့လုပ်ငန်းသည် ကမ္ဘာတွင် အခက်ခဲဆုံးနှင့် အန္တရာယ်အများဆုံး လုပ်ငန်းတစ်ရပ် ဖြစ်နေသည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၆၆ ကီလိုမီတာအကွာရှိ ဘာကူဘာမြို့၌ အီရတ်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသော မော်တော်ယာဉ်တန်း ချုံခိုတိုက်ခိုက်ခြင်းခံခဲ့ရရာ အီရတ်ရဲအရာရှိနှစ်ဦး သေဆုံးသွားပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့သည်။ လက်နက်ကိုင်တိုက်ခိုက်သူများသည် တိုက်ခိုက်နည်းအသစ်ကို အသုံးပြုလျက်ရှိပြီး မော်တော်ယာဉ်များအောက်သို့ လက်ပစ်ဗုံးပစ်သွင်းကာ မော်တော်ယာဉ်အား သေနတ်ဖြင့် တရစပ် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်။

ဤတိုက်ခိုက်မှုစနစ်သည် ဖော်လူဂျာမြို့တွင် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က အမေရိကန်အရပ်ဘက် ကန်ထရိုက်လုပ်ငန်းရှင်များကို တိုက်ခိုက်မှုနှင့် တူနေကြောင်း သိရသည်။ လွန်ခဲ့သောနှစ်အတွင်း သေသူ အီရတ်ရဲတပ်ဖွဲ့ဝင် ၆၀၀ ထက်မနည်း ရှိခဲ့ပြီဖြစ်သည်။ ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်သူ ထောင်ပေါင်းများစွာတို့သည် အမေရိကန်ဆန့်ကျင်ချေမှုန်းရေး ကြွေးကြော်သံများ ကြွေးကြော်ကာ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲများ အကြီးအကျယ်ပြုလုပ်ခဲ့ကြသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း၌ အမေရိကန်တို့က အီရတ်သတင်းစာကို ပိတ်ခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ အမေရိကန်ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများ လျင်မြန်စွာကြီးထွားလာခဲ့ခြင်း ဖြစ်သည်။ အီရတ်ပြည်သူများသည် တည်ငြိမ်မှုကို လိုလားကြကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဧပြီ ၃ ရက်က ဘာဆာရာမြို့တောင်ပိုင်း၌ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များနှင့် ပူးပေါင်းသူများ၏ မော်တော်ယာဉ်ကို အီရတ်တို့က ခဲဖြင့်ပစ်ပေါက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နယူးဇီလန်တပ်များ အီရတ်မှပြန်ရုပ်သိမ်းမည်

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အကူအညီပေးနေသော အီရတ်ရှိ နယူးဇီလန်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ၌ နေအိမ်သို့ ပြန်ကြမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် အီရတ်နိုင်ငံ အချုပ်အခြာအာဏာ အပြည့်အဝပြန်လည်ရရှိရေးအတွက် နောက်ထပ် မည်သို့ကူညီရမည်ကို နည်းလမ်းရှာမည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဟီလင်ကလပ်ခ်က ဧပြီ ၂ ရက်တွင် ပြောကြားသည်။

အီရတ်အရေးကိစ္စကို နယူးဇီလန်ဝန်ကြီးချုပ်ဟီလင်ကလပ်ခ်သည် ဩစတြေးလျအတိုက်အခံခေါင်းဆောင် မာ့စ်လာသမ်နှင့် အော့ကလန်၌ ဆွေးနွေးအပြီးတွင် ထိုသို့ မှတ်ချက်ပြု ပြောဆိုခြင်းဖြစ်သည်။

အကူအညီပေး

နယူးဇီလန် အင်ဂျင်နီယာတပ်ဖွဲ့ဝင် ၆၀ သည် အီရတ်အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများပြုပြင်ရေး၌ ဆောင်ရွက်လျက်ရှိပြီး လူသားအကျိုးပြုအကူအညီပေးလျက်ရှိသည်။

မသင့်မြတ်

ဩစတြေးလျ အတိုက်အခံခေါင်းဆောင် မာ့စ်လာသမ်နှင့် ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်တို့သည် ခရစ္စမတ်၌ ဩစတြေးလျတပ်ဖွဲ့ဝင်များကို ဩစတြေးလျ လေဘာပါတီအစိုးရက အိမ်ပြန်ခေါ်မည်ဖြစ်ကြောင်း မာ့စ်လာသမ်က ကတိပေးခဲ့ခြင်းနှင့်ပတ်သက်၍ မသင့်မမြတ်ဖြစ်နေခဲ့ကြသည်။

ထားမည်မဟုတ်

နယူးဇီလန်နိုင်ငံက အီရတ်သို့ တိုက်ခိုက်ရေးတပ်များ မစေလွှတ်သည့် ဆုံးဖြတ်ချက်သည် ဩစတြေးလျ လေဘာပါတီမူဝါဒနှင့် ကိုက်ညီကြောင်း၊ အကယ်၍ ဩစတြေးလျ၌ လေဘာအစိုးရတက်လျှင် အီရတ်၌ တပ်ဖွဲ့ဝင်များ ထားရှိမည်မဟုတ်ကြောင်း လာသမ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်-ဂျပန် ဖက်စပ်ကားများ နှစ်စဉ် ကား ၂၄၀၀၀၀ ထုတ်လုပ်မည်

ကွမ်ကျိုး ဧပြီ ၃

ဂျပန်မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သော ဟွန်ဒါကုမ္ပဏီနှင့်တရုတ်နိုင်ငံ ကွမ်ကျိုးမော်တော်ကား ကော်ပိုရေးရှင်းအုပ်စုတို့သည် ဖက်စပ်လုပ်ငန်းတစ်ရပ်ကို ထူထောင်လျက် ဟွန်ဒါ(ကွမ်ကျိုး)မော်တော်ကားစီးရေ သုံးသိန်းကို ဗုဒ္ဓဟူးနေ့က ကွမ်ကျိုးမြို့၌ စတင်ထုတ်လုပ်ခဲ့သည်။

အဆိုပါ ကားထုတ်လုပ်ရေးလုပ်ငန်းသည် နှစ်စဉ်ကားစီးရေ ၂၄၀၀၀၀ ထိ ထုတ်လုပ်နိုင်စွမ်းရှိပြီး ထုတ်လုပ်မှုတန်ဖိုးကို ယွမ်ငါးဘီလီယံ(အမေရိကန်ဒေါ်လာ ၆၀၂ သန်း)ထိ တိုးမြှင့်ထားကြောင်း ၎င်းသတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါ ကားထုတ်လုပ်ရေးလုပ်ငန်းသည် ဟွန်ဒါ(ကွမ်ကျိုး)ဆီဒင်ကားများကို တစ်နေ့လျှင် ပျမ်းမျှကားစီးရေ ၁၀၀၀ အထိ ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း ဟွန်ဒါ(ကွမ်ကျိုး)မော်တော်ကားကုမ္ပဏီ ဒုတိယအထွေထွေမန်နေဂျာ ကျန်ကျင်ဟောင်က ပြောကြားသည်။ အဆိုပါကုမ္ပဏီသည် ဈေးကွက်သို့ ကားအမျိုးအစားသစ် သုံးမျိုးတင်ပို့ရောင်းချမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

5-4 (04).p65 1 3/24/05, 3:55 PM

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်အပတ်စဉ်ထုတ်သတင်းစာကို ပိတ်ပစ်မှု အီရတ်လူမျိုးထောင်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြကြ

ဘဂ္ဂဒက် ဧပြီ ၃

အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်သည်ဆိုကာ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ပိတ်ပစ်ခဲ့သည့် သတင်းစာကို ပြန်ဖွင့်ပေးရန်အတွက် အီရတ်လူမျိုးထောင်ပေါင်းများစွာသည် ဘဂ္ဂဒက်မြို့လယ်ရှိ လမ်းများတွင် ဗုဒ္ဓဟူးနေ့က နာရီများစွာပိတ်ဆို့ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများသည် နဖူးစည်းစာတန်းများကို ကိုင်ဆောင်ကာ ထိုနေ့က ဆန္ဒပြခဲ့ကြပြီး အမေရိကန်အလံနှစ်ခု ထက်မနည်းကို မီးရှို့ခဲ့ကြသည်။

အီရတ်ခေါင်းဆောင် ရှိတ်ခ်တာဆင်အယ်လ်အီတာဘီကလည်း အမေရိကန်နှင့် အပေါင်းပါတို့၏ သိမ်းပိုက်မှုနှင့် နည်းစနစ်များကို မိမိတို့ရှုတ်ချကြောင်း၊ သတင်းစာကို ပိတ်ပစ်ခြင်းသည် လွတ်လပ်မှုကိုဆန့်ကျင်ခြင်းပင်ဖြစ်ကြောင်း ပြောဆိုသည်။

အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အပိတ်ခံရသော အယ်လ်ဟော်ဇာသတင်းစာ အယ်ဒီတာသို့ ရေးသားပေးပို့သောစာ၌ အယ်လ်ဟော်ဇာသတင်းစာ၏ ဆောင်းပါးအချို့သည် စာဖတ်သူများကို အထင်မှား အမြင်မှားဖြစ်စေကြောင်းနှင့် အမုန်းတရားကို လှုံ့ဆော်ပေးကြောင်းရေး သားဖော်ပြထားသည်။

အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာသည် အယ်လ်ဟော်ဇာသတင်းစာကိုသာမက အာရေဗျဘာသာဖြင့် ဂြိုဟ်တုမှထုတ်လွှင့်သော ရုပ်မြင်သံကြားဌာနများဖြစ်သည့် အယ်လ်ဂျာဇီရာနှင့် အယ်လ်အာရေဗျတို့ကိုလည်း အကြမ်းဖက်မှုလှုံ့ဆော်ခြင်းကို တားမြစ်သည့် ယမန်နှစ်ကထုတ်ခဲ့သော ဥပဒေကို ချိုးဖောက်သည်ဆိုကာ ပိတ်ပင်အရေးယူခဲ့သည်။ **(အင်တာနက်)**



ဆန္ဒပြ

ဖေဖော်ဝါရီ၃ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(အင်တာနက်)

လက်ရှိသမ္မတဘုရှ်ထက် ဒီမိုကရက်တစ်သမ္မတလောင်းဂျွန်ကယ်ရီ ငွေကြေးကိစ္စ ပိုမိုကောင်းမွန်ရန် စွမ်းဆောင်ပေးနိုင်မည်ဟုယုံကြည်

လော့စ်အိန်ဂျလိစ် ဧပြီ ၃

ဒီမိုကရက်တစ်သမ္မတလောင်းဂျွန်ကယ်ရီသည် သမ္မတဂျော့ဒဗလျူဘုရှ်ထက် အနာဂတ်ငွေကြေးကိစ္စကို ပိုမိုကောင်းအောင် စွမ်းဆောင်ပေးနိုင်မည်ဟု ထင်မှတ်ကြသည့် အမေရိကန်မဲဆန္ဒရှင်များသည် ပိုများလာကြောင်း သောကြာနေ့က ထုတ်ပြန်သည့် စူးစမ်းလေ့လာချက်တွင် ဖော်ပြထားသည်။

လော့စ်အိန်ဂျလိစ်တိုင်းမ်က ဆောင်ရွက်သော စူးစမ်းလေ့လာမှုတွင် ၄၅ ရာခိုင်နှုန်းက စီးပွားရေးပြဿနာများကို နိုင်ငံကြုံတွေ့နေရသော အရေးကြီးဆုံးပြဿနာအဖြစ် သဘောထားကြပြီး ထိုမျှရာခိုင်နှုန်းရှိသောသူများက လုံခြုံရေးကိစ္စ အရေးအကြီးဆုံးဖြစ်ကြောင်း သဘောရကြသည်။

သာမန်အမေရိကန် နိုင်ငံသားများ၏ ငွေကြေးအာမခံချက်ကို အကောင်းဆုံး အကာအကွယ်ပေးမည့် သမ္မတလောင်း မည်သူဖြစ်မည်ကို မေးသောမေးခွန်းအား ၄၇ ရာခိုင်နှုန်းသော မေးမြန်းခံရသူများက ကယ်ရီဖြစ်ကြောင်း အဖြေပေးကြပြီး ၃၄ ရာခိုင်နှုန်းက ဘုရှ်ဖြစ်ကြောင်း ပြောဆိုကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အန္တရာယ်ကြီးမားသော အီရတ်၌မနေလို ယူတားပြည်နယ်တပ်ဖွဲ့ဝင်များပြောကြား

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံအပေါ် အမေရိကန်တို့ ကျူးကျော်သိမ်းပိုက်ခဲ့စဉ်ကစပြီး အီရတ်နိုင်ငံ၌ ရောက်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင်များမှ အချို့သည် အမေရိကန်နိုင်ငံသို့ ပြန်ကြရတော့မည် ဖြစ်သည်။ အီရတ်နိုင်ငံ၌ တစ်နှစ်ကျော်ကြာခဲ့ပြီးနောက် အမေရိကန်ယူတားပြည်နယ်မှ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များသည် မိမိနိုင်ငံသို့ ပြန်ရန် အမိန့်ရရှိခဲ့ပြီး ၎င်းတို့နေရာတွင် အမေရိကန် ပင်ဆာဗေးနီးယားပြည်နယ်မှ အရန်တပ်ဖွဲ့ဝင်များရောက်ရှိလာမည် ဖြစ်သည်။ အမေရိကန် ယူတားတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင်း ဒီမိုကရေစီ ထူထောင်နိုင်ရန် တစ်နှစ်ကြာကြိုးပမ်းခဲ့သော်လည်း ဖြစ်မလာခဲ့ပေ။

၎င်းတပ်ဖွဲ့ဝင်များသည် အင်ဂျင်နီယာတပ်ဖွဲ့များဖြစ်ခြင်းကြောင့် မိုင်းရှင်းလင်းရေး၊ မပေါက်ကွဲသေးသော ဖောက်ခွဲရေးပစ္စည်းများ ရှင်းလင်းရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ထိခိုက်သေဆုံးမှုမရှိခဲ့သော်လည်း အန္တရာယ်ကြီးမားသည့် အီရတ်နိုင်ငံ၌ မနေလိုကြဘဲ ဘေးကင်းလုံခြုံမည့် နေရာသို့သာ ပြန်လိုကြကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ် ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦး ဘဂ္ဂဒက်၌ အသေခံဗုံးဖောက်ခွဲခံရပြီး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းရှိ ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦး၏ အိမ်အပြင်ဘက်တွင် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ၎င်း၏ကားအတွင်း ဗုံးဖောက်ခွဲရာ ရဲတပ်ဖွဲ့အကြီးအကဲကိုယ်တိုင်သေဆုံးပြီး အခြားလူခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံက သတ်မှတ်ချက် အတိုင်း ရွေးကောက်ပွဲကျင်းပရန် လိုလားမှုရှိပါက ပိုမိုကောင်းမွန်သည့် လုံခြုံရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ခေါင်းဆောင်က ပြောကြားပြီးသည့်နောက် ယင်းတိုက်ခိုက်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။

ဘဂ္ဂဒက်အနောက်ပိုင်း ရာမာဒီမြို့တွင် အမေရိကန်ဟမ်းဗီးမော်တော်ယာဉ်တစ်စီး အင်္ဂါနေ့က ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် မီးလောင်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းဟမ်းဗီးမော်တော်ယာဉ်ပေါ်လိုက်ပါခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်လေးဦးတို့သည် အခြားဟမ်းဗီးမော်တော်ယာဉ်ပေါ်သို့ တက်ပြေးသွားကြသည်။ ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ယင်းတိုက်ခိုက်မှုအား အတည်ပြုပြောကြားခြင်းမရှိပေ။

အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင် ရဲတပ်ဖွဲ့ဝင်အလုပ်လျှောက်လွှာများတင်ရာတွင် နှောင့်နှေးနေမှုနှင့်ပတ်သက်၍ အီရတ်နိုင်ငံသားများက ဆန္ဒပြလျက်ရှိပြီး စပိန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်ကြ၍ တံခါးပေါက်များကို ဖျက်ဆီးကြကာ အစောင့်တစ်ဦး၏အိမ်ကို မီးရှို့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သုံးနာရီကြာ အဓိကရုဏ်းဖြစ်စဉ်အတွင်း ပစ်ခတ်မှုဖြစ်ပွားပြီး ရဲအရာရှိသုံးဦးထက်မနည်းနှင့် ဆန္ဒပြသူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

စပိန်အမျိုးသမီး တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်နိုင်ငံသားငါးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း စပိန်ရေဒီယိုက အသံလွှင့်သွားသည်။ **(အင်တာနက်)**

ဆာမာရာတွင် အမေရိကန်စစ်ယာဉ်မှောက် နယူးဟမ်းရှိုင်းယားမှကန်တပ်ဖွဲ့ဝင်သေဆုံး

ဖို့ကာဆင်(ကော်လိုရာဒို) ဧပြီ ၃

အီရတ်နိုင်ငံတွင် မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်မှာ အသက် ၄၅ နှစ်အရွယ်ရှိ အမေရိကန်ပြည်ထောင်စု နယူးဟမ်းရှိုင်းယား ပြည်နယ်သားတစ်ဦးဖြစ်ကြောင်း ပြောကြားသည်။ ၎င်း၏အမည်မှာ ရစ်ချ်ဖာဂူဆန်ဖြစ်သည်။

အီရတ်နိုင်ငံ ဆာမာရာမြို့တွင် ဗုဒ္ဓဟူးနေ့က ၎င်းစီးနင်းလိုက်ပါလာသည့် အမေရိကန်စစ်ကားတစ်စီး တိမ်းမှောက်ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဧပြီ ၃ရက်က ဘဂ္ဂဒက်မြို့ရှိ ရာမတ်ခ်ဆေးရုံ၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူအီရတ်တစ်ဦးအား ဆေးကုသပေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသည်များလာရောက်မှု ယခုနှစ်ပိုမိုများပြားလာကြောင်း ဗီအင်န်အေတီက ပြောကြား

ဟန္နိုင်း ဧပြီ ၃

ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုသည် ယခုနှစ်ပထမသုံးလတွင် ခရီးသည် ၇၄၃၄၇၈ဦး လာရောက်ခဲ့သည့်အတွက် နှစ်ချင်းအလိုက်တိုးတက်မှုမှာ၄ဒသမ ၃ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယင်းကာလအတွင်း လာရောက်သည့် နိုင်ငံခြားခရီးသည်များတွင် တရုတ် လူမျိုး ၂၂၂၆၃၈ ဦးရှိရာ အများဆုံးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၂၇ဒသမ ၇ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဗီယက်နမ်နိုင်ငံအမျိုးသား ခရီးသွားစီမံအုပ်ချုပ်ရေးအဖွဲ့ (ဗွီအင်န်အေတီ)က ပြောဆိုကြောင်း ဆင်ဟွာသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသို့လာရောက်သည့် နိုင်ငံခြားခရီးသွားများတွင် တောင်ကိုရီးယားမှခရီးသည် လာရောက်မှုမှာ ၃၄ ဒသမ၅ရာခိုင်နှုန်း နှင့်ရုရှားနိုင်ငံမှ ၂၁ဒသမ ၂ ရာခိုင်နှုန်း အသီးသီးရှိပြီး လာရောက်မှုတိုးတက်များပြားခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဗီယက်နမ်က နိုင်ငံတကာမှ ခရီးသွားဦးရေ ၂ဒသမ ၇သန်းနှင့် ၂ဒသမ ၈သန်းထိ ရှိရန် ရည်မှန်းချက်ထားရှိရာ နိုင်ငံခြားခရီးသွားများလာရောက်မှုကြောင့် ဗီယက်နမ်ဒေါင်ငွေ ၂၅ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ)ရရှိမည်ဟု မျှော်မှန်းထားကြောင်း ဗီအင်န်အေတီက ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားခရီးသည် ၃ နှင့် ၃ဒသမ ၅၂သန်းကို ကြိုဆိုညှော်ခံရန် စီစဉ်ထားပြီး နိုင်ငံခြားခရီးသည် လာရောက်မှုကြောင့် အမေရိကန် ဒေါ်လာ နှစ်ဘီလီယံကျော်ရရှိရန် မျှော်မှန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဘဂ္ဂဒက်ရှိ လူနေအိမ်တစ်လုံး ဒုံးကျည်ထိမှန် လူနှစ်ဦးထိခိုက်ဒဏ်ရာရကြောင်းရဲအဖွဲ့ပြောကြား

ဘဂ္ဂဒက် မေ ၄

ဘဂ္ဂဒက်မြို့၏ လူနေရပ်ကွက်တစ်ခုကို စနေနေ့နံနက်ပိုင်း၌ ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်မှုကြောင့် လူနှစ်ဦးထက်မနည်း ဒဏ်ရာရခဲ့သည်ဟု ရဲအဖွဲ့နှင့် ဒေသခံနေထိုင်သူများက ပြောဆိုကြသည်။

ဘဂ္ဂဒက်တောင်ဘက် ဒိုရာဒေသရှိ အိမ်တစ်လုံးသည် ပေါက်ကွဲမှုဖြစ်ပြီးနောက် လုံးဝမီးလောင်ကျွမ်းသွားသည်။ ထိုအိမ်တွင်းရှိ လူနှစ်ယောက် ဒဏ်ရာရကြောင်း၊ အနီးရှိ ဆေးရုံသို့ ပို့လိုက်ရကြောင်း၊ အခြားသူများမှာ ပေါက်ကွဲမှုအားကြောင့် မြေပြင်သို့ လဲကျ ကုန်ကြောင်း အိမ်နီးနားချင်းများက ပြောဆိုသည်။

ပစ်ခတ်

ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ကြံ့သလို ပစ်ခတ်ခြင်းဖြစ်ပုံရကြောင်း ရဲဒုတိယဗိုလ်မှူးကြီး ဟူစိန်အလီက ပြောကြားသည်။

ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် ဘဂ္ဂဒက်တွင် ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် မကြာခဏ အီရတ်ကို သိမ်းပိုက်ထားသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို တိုက်ခိုက်လေ့ရှိသည်။ ပစ်ခတ်တိုက်ခိုက်မှုအများအပြားသည် အမေရိကန်နှင့် အပေါင်းပါတို့၏ ဌာနချုပ်ကို ရည်ရွယ်ခဲ့သည်။ သို့ရာတွင် ကြံ့သလို ပစ်ခတ်မှုများကြောင့် လူနေရပ်ကွက်များကို ထိမှန်ခဲ့သည်။

ကြားရ

မိမိမှာ အိမ်ထဲ၌ ဝတ်ပြုဆုတောင်းနေကြောင်း၊ မိမိ ဒုံးကျည် ပေါက်ကွဲသံကြားရကြောင်း၊ အိမ်အပြင်သို့ မိမိ ထွက်ကြည့်သည့်အခါ အမျိုးသမီးတစ်ဦး မြေကြီးပေါ်၌ လဲကျနေပြီး သူမ၏လက်ထဲ၌ ကလေးငယ်ကို တွေ့ရကြောင်း၊ အိမ်နီးနားချင်းဖြစ်သူ ဘာဇန်အဗ္ဗဒယ်လာဆာဒါက ပြောကြားသည်။

(ရိုက်တာ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကန်ဆန့်ကျင်ရေးစိတ်ဓာတ်ပိုမိုပြင်းထန်

ဘဂ္ဂဒက် မေ ၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် ကန်ထရိုက်တာလေးဦး၏ အလောင်းများကို မီးရှို့ပြီး ကန်ကျောက်ခဲ့ကြသူများသည် လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ သို့မဟုတ်နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ မဟုတ်ကြကြောင်းသိရသည်။

ထိုကဲ့သို့ ပြုလုပ်ခဲ့ကြသူများသည် လူနည်းစုမျှသာဖြစ်သော်လည်း အီရတ်နိုင်ငံ အနှံ့အပြား၌ အမေရိကန်ဆန့်ကျင်ရေးအသံများသည် ပိုကျယ်လောင်လာလျက်ရှိခဲ့သည်။

အမေရိကန် ဆန့်ကျင်ရေးခံစားမှုများ ပိုတိုးလာနေသည်မှာ အတိအကျပင်ဖြစ်သည်ဟု အမေရိကန်နှင့် အပေါင်းပါတို့၏ သိမ်းပိုက်မှုကို စောင့်ကြည့်သော ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက ပြောကြားသည်။

အီရတ်တို့၏ မျှော်လင့်ချက်များအားလုံး ပျက်စီးခဲ့ရကြောင်း၊ အမေရိကန်တို့အီရတ်ကိုအကူအညီပေးမည်ဟု မျှော်လင့်ထားခဲ့ကြသော မိသားစုများသည် ယခုအခါ ၎င်းတို့၏သားများအသတ်ခံခဲ့ကြရသည်။ သို့မဟုတ် အဖမ်းခံခဲ့ကြရသည်။ အိမ်များလည်း ဖျက်ဆီးခံခဲ့ကြရသည်။ မျှော်လင့်ချက်သည်ကွယ်ပျောက်ခဲ့ရသည်ဟု အဆိုပါအဖွဲ့အစည်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အာရှအရှေ့မြောက်နိုင်ငံများ သဲမုန်တိုင်းဒဏ်ခံစားနေရ

တိုကျို မေ ၃

အာရှတိုက် အရှေ့မြောက်ပိုင်းရှိ နိုင်ငံများအနေဖြင့် သဲမုန်တိုင်းဒဏ်ကို ရာစုနှစ်ပေါင်းများစွာ ကြုံတွေ့ခံစားနေရကာ အဆိုပါအခြေအနေသည် ပိုမိုဆိုးရွားလာနေကြောင်း သိရသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်က ကျင်းပခဲ့သော ကွန်ဖရင့်၌ သဲမုန်တိုင်း တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြရာ သဲမုန်တိုင်းဖြစ်ပေါ်မှု ပိုမိုတိုးပွားလာသကဲ့သို့ ပိုမိုအင်အားပြင်းထန်လာနေကြောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါမုန်တိုင်းသည် တရုတ် နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယားဒေသမှ အစပြုကာ ကိုရီးယားကျွန်းဆွယ်ကို ဖြတ်ကျော်ပြီး ဂျပန်မှတစ်ဆင့် အဝေးဆုံးအမေရိကန်နိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းသို့ ပျံ့နှံ့ခဲ့သည်။ သဘာဝ ပတ်ဝန်းကျင်သုတေသီများက အဆိုပါ မုန်တိုင်းဖြစ်ပေါ်ရခြင်းမှာ သဲကန္တာရ ဖြစ်ထွန်းမှုကြောင့်တစ်ကြောင်း ပါဝင်ပြီး ၎င်းတို့၏ဆောင်ရွက်မှုနှင့်သဘာဝ၏ ယိုယွင်းလာမှုကြောင့် ဖြစ်ပွားရသည်ဟု ကောက်ချက်ချခဲ့သည်။

မုန်တိုင်းတိုက်ခိုက်ရာ လမ်းကြောင်းတစ်လျှောက် သဲများ၊ ဖုန်များသည်သတ္တုများသကဲ့သို့ ညစ်ညမ်း ပစ္စည်းများကို သယ်ဆောင်လာရာ လူတို့ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေခဲ့သည်။ ပြီးခဲ့သော နှစ်နှစ်က ဆိုးလ်မြို့တွင် ဖုန်မှုန့်အထု၂၅၀၀မိုက် ကရိုဂရမ်ကျရောက်ခဲ့ပြီး ၎င်းပမာဏသည် ကျန်းမာရေးအတွက် အန္တရာယ် ဖြစ်စေမှုသတ်မှတ်ချက်ထက် နှစ်ဆပိုခဲ့သည်။ ပေကျင်း၌မူ ၁၂ဆရှိခဲ့ကြောင်း သိရသည်။ မုန်တိုင်း၏ ကျယ်ပြန့်စွာ ရောက်ရှိနိုင်မှုသဘာဝကြောင့် ထိရောက်စွာ ကာကွယ်နိုင်မှုဆောင်ရွက်ရေးကို အဟန့်အတား ဖြစ်ခဲ့သည်။ ယခုအခါ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့တွင် မုန်တိုင်းစောင့်ကြည့် လေ့လာရေးနှင့်ကြိုတင်သတိပေးရေးစနစ်များစတင် ဆောင်ရွက်နေပြီဖြစ်သည်။

(စီအင်န်အင်န်)

မေ ၃ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အယ်လ်ဆာလာ ကျေးရွာ၌ အပေါင်းပါတပ်များက ဝင်ရောက်စီးနင်း ရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တို့ကိုခုခံတိုက်ခိုက်မှုများ အစပြုရုံသာရှိသေးဟု အီရတ်ခေါင်းဆောင်တစ်ဦး ပြောကြား

ဘဂ္ဂဒက် မေ ၃

အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းပေးပြီးနောက်ပိုင်းတွင် အီရတ်နိုင်ငံတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှုအခန်းကဏ္ဍတွင် နေတိုးအဖွဲ့ ပါဝင်ကူညီရန်သင့် မသင့်ဆိုသော ကိစ္စရပ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ရန်ရက်ရွှေ့ဆိုင်းလိုက်ကြောင်းသိရသည်။ နေတိုးအဖွဲ့အနေဖြင့် အီရတ်နိုင်ငံ၏လုံခြုံရေး အခန်းကဏ္ဍတွင်ပါဝင် ဆောင်ရွက်ရာ၌ ထောက်ခံချက်ရယူရန် လိုအပ်ကြောင်းနှင့် အီရတ်ကြားဖြတ်အစိုးရ၏ တောင်းခံချက်လည်းရရှိရမည်ဖြစ်ကြောင်း နေတိုးအဖွဲ့ အတွင်းရေးမှူးချုပ်က ပြောကြားသည်။

ဆန္ဒပြ

အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ ပြီးခဲ့သောရက်များက ဖြစ်ပွားခဲ့သည့် ဖုံးခွဲတိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး အမေရိကန်အရာရှိများသည် စုံစမ်း စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ ၎င်းဖော်လူဂျာဒေသသည် အမေရိကန် တပ်ဖွဲ့ဝင်တို့၏ သင်္ချိုင်းတစ်ခုဖြစ်လာလိမ့်မည်ဟု ဒေသခံအီရတ်တို့က ပြောကြားခဲ့ကြသည်။ ဤအတောအတွင်း ဘဂ္ဂဒက်မြို့တွင် အီရတ် ထောင်ပေါင်းများစွာတို့သည် လမ်းမများတစ်လျှောက် အမေရိကန်နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီအပေါ် ဆန့်ကျင်ရေးကြွေးကြော်သံများ ဟစ်အော်ကာ ချီတက်ဆန္ဒပြခဲ့ကြသည်။

အစပြု

အမေရိကန်တို့ကို ခုခံတိုက်ခိုက်မှုသည် အစပြုရုံရှိသေးကြောင်း အီရတ် ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။ ထို့အပြင်အီရတ်နိုင်ငံရှိ ကားဗုံး ခွဲတိုက်ခိုက်မှုများကို စီစဉ်ဆောင်ရွက်သည်မှာ အမေရိကန်တို့ပင်ဖြစ်ကြောင်း အခြားခေါင်းဆောင်တစ်ဦးက ဆက်လက်ပြောကြားသည်။

(စီအင်န်အင်န်)

ဗီဝဆိုင်ရာချစ်ပ်များထုတ်လုပ်ရေးကြိုးပမ်း

ပေကျင်း မေ ၃

သာမန်မျက်စိဖြင့် မမြင်နိုင်သည့် သက်ရှိကလာပ်ဆဲလ်များကို လျှပ်စစ်ဓာတ်အားနှင့် ရေနွှေးပေါင်းစပ်ခြင်းအားဖြင့် ထုတ်လုပ်ရရှိသော ဗီဝဆိုင်ရာ ချစ်ပ်ပြားလေးများကို တရုတ်နိုင်ငံက လုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်အောင် တရုတ်သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

စီစီတီဗွီ

အမေရိကန်နိုင်ငံ၌ သေဒဏ်စီရင်မှု ပြန်ကျင့်သုံးလာ

ဝါရှင်တန် မေ ၃

အမေရိကန်တရားရုံးချုပ်သည် သေဒဏ်စီရင်ချက်ကို ၁၉၇၂ ခုနှစ်က ပိတ်ပင်ခဲ့ပြီးနောက် ပြန်လည်ကျင့်သုံးလျက်ရှိရာ ၁၉၇၆ ခုနှစ်မှစ၍ အမေရိကန်ပြည်ထောင်စုတွင် သေဒဏ်စီရင်ချက်ချမှုစုစုပေါင်း ၉၀၄ မှုရှိနေပြီဟု သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အမေရိကန်ပြည်နယ်ပေါင်း ၅၀ အနက် ၃၈ ပြည်နယ်တွင် သေဒဏ်ပေးသည့် စီရင်ချက်ကို ချမှတ်ကျင့်သုံးလျက်ရှိပြီး ယင်းတို့အနက် ၃၇ ပြည်နယ်တို့တွင် ဆေးထိုးခြင်းဖြင့် သေဒဏ်စီရင်မှုကို ပို၍လက်ခံကျင့်သုံး ကြသည်ဟု ယနေ့အမေရိကန်ပြည် စာစောင်၌ တနင်္လာနေ့က ဖော်ပြသည်။

ချမှတ်

ထို့အပြင် ပြည်နယ် ၁၀ ခုတွင် လျှပ်စစ်ဓာတ်ဖြင့် အဆုံးစီရင်ခြင်းနည်းဖြင့်လည်းကောင်း၊ ပြည်နယ်ငါးခုတို့တွင် ဓာတ်ငွေ့ခန်းအသုံးပြု၍လည်းကောင်း၊ ပြည်နယ်သုံးခုတွင် ကွပ်မျက်ရေးသေနတ်အဖွဲ့ဖြင့်လည်းကောင်း၊ ပြည်နယ်နှစ်ခုတို့တွင် ကြိုးပေးခြင်းဖြင့်လည်းကောင်း ပြစ်မှုကြီးများအတွက် ပြစ်ဒဏ်စီရင်ချက် ချမှတ်နေသည်။ ကျန်ရှိသော အမေရိကန်ပြည်ထောင်စု ပြည်နယ် ၁၂ခုနှင့် ဝါရှင်တန် ဒီစီနယ်မြေအတွင်း၌မူ သေဒဏ်စီရင်ချက်လုံးဝကျင့်သုံးခြင်းမရှိချေ။ အမေရိကန်ပြည်ထောင်စုတွင် သေဒဏ်စီရင်မှု စုစုပေါင်း ၉၀၄မှု ရှိခဲ့သည့်အနက် ၇၃၇ မှုတို့တွင် ဆေးထိုး၍ စီရင်ခြင်းကို ကျင့်သုံးခဲ့ပြီး ၁၅၁ မှုမှာ လျှပ်စစ်ဓာတ်ဖြင့် အဆုံးစီရင်မှုများဖြစ်သည်။ ထို့အပြင် ဓာတ်ငွေ့ခန်းဖြင့် စီရင်မှု ၁၁ မှု၊ ကြိုးပေးစီရင်မှု သုံးမှုနှင့် ကွပ်မျက်ရေးတပ်ဖွဲ့ဖြင့် စီရင်မှုနှစ်မှုအသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ပြန်ကျင့်သုံး

အမေရိကန်တရားရုံးချုပ်က သေဒဏ်စီရင်ချက်သည် အကြွင်းမဲ့ အာဏာရှင်ဆန်လွန်းသည်ဟု ၁၉၇၂ ခုနှစ်အတွင်း ဆုံးဖြတ်ခဲ့ပြီးနောက် ၎င်းနည်းဖြင့် ပြစ်ဒဏ်စီရင်ခြင်းကို ပိတ်ပင်ထားခဲ့သည်။ သို့ရာတွင် ၁၉၇၆ ခုနှစ်တွင် ပြည်နယ်အများအပြားတို့၏ တရားစီရင်ရေးစနစ်နှင့် ပြစ်ဒဏ်စီရင်မှု စနစ်များကို အပြောင်းအလဲလုပ်ခဲ့ကြပြီးနောက် သေဒဏ်စီရင်မှုကို တရားသူကြီးများက ပြန်လည်ကျင့်သုံးလာခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မေ ၃ရက်က ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများ ကျင်းပရာ တော့ တင်း ဟမ် အ သင်း နှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။ (ယင်းပွဲတွင် ချယ်လ်ဆီး အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်ရခိုင်ပြည်နယ်အတွင်းဟိုတယ်လုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် သံတွဲမြို့သို့ရောက်ရှိပြီး ငပလီကမ်းခြေရှိ Sandoway Resort ဟိုတယ်ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မေ ၃ ရက် နံနက်ပိုင်းတွင် Amata Resort Hotel နှင့် အဆိုပါဟိုတယ်၏ တည်ဆောက်ဆဲ လုပ်ငန်းများ၊ Tamarind Beach Hotel ၏ တည်ဆောက်ဆဲလုပ်ငန်းများနှင့် Htoo Trading Co., Ltd. ၏ Ngapali Resort Hotel စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ငပလီ ရွှေဝါချိုင်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် Jade Marina Resort Hotel နှင့် သံတွဲ Beach Resort ဟိုတယ်များ၏ တည်ဆောက်ဆဲလုပ်ငန်းများ၊လင်းသာဦး ဟိုတယ်၊ Bay View Hotel နှင့် Silver Beach Hotel များနှင့် Amazing Ngapali Resort Hotel၊ Fortune Resort၊ ဒေဝ ဟိုတယ်နှင့် မင်းဇာနည်ဟိုတယ်တို့၏ တည်ဆောက်ဆဲလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ငပလီကမ်းခြေဟိုတယ်ကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ မိမိတို့လုပ်ငန်း စီမံကိန်းများအချိန်မီပြီးစီးရေး၊ကမ်းခြေ၏ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်ပိုင်းဝန်းထိန်းသိမ်းရေး၊ ခရီးစဉ်လမ်းကြောင်းများဖွံ့ဖြိုးတိုးတက်ရေး၊ မိသားစုစိတ်ဓာတ်ဖြင့်စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် သံတွဲ စာတိုက်နှင့်ကြေးနန်းရုံးကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

ပြည်မြန်မာသတင်းဂျာနယ် ရှစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် အယ်ဒီတာချုပ်ဒေါက်တာတင်ထွန်းဦးက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် မတ် ၂၄ရက်က လွိုင်လင်ခရိုင် မောက်မယ်မြို့နယ်ရှိ နာလော့ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ပြည်မြန်မာသတင်းဂျာနယ်ရှစ်နှစ်ပြည့်အထိမ်းအမှတ်ကျင်းပ

ရန်ကုန် မေ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ထုတ်ဝေ၍ သုတစွယ်စုံစာအုပ်တိုက်မှ ဖြန့်ချိသော ပြည်မြန်မာသတင်းဂျာနယ် ရှစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား) ဦးစိုးညွန့် (ထီလာစစ်သူ)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော စာပေပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်မြန်မာသတင်းဂျာနယ် အယ်ဒီတာချုပ်ဒေါက်တာတင်ထွန်းဦးက အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်မြန်မာသတင်းဂျာနယ်ရှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ရွာသစ်ပိုင်းရှိ ပရိယတ္တိ ရွာသစ်ကလေးဘုန်းကြီးကျောင်း စာသင်တိုက်တွင် သိမ်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၃၈သိန်း ခုနစ် သောင်းကို အယ်ဒီတာချုပ် ဒေါက်တာ တင်ထွန်းဦးနှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံကြသည်။

ထို့နောက် ပြည်မြန်မာသတင်းဂျာနယ်အယ်ဒီတာချုပ် ဒေါက်တာ တင်ထွန်းဦးက ဂျာနယ်ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ (အငြိမ်းစား) ဦးထင်အောင်က ပြည်မြန်မာသတင်းဂျာနယ်အယ်ဒီတာချုပ် ဒေါက်တာ တင်ထွန်းဦးနှင့် ဇနီးဒေါက်တာခင်မိုးမိုးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာ အလက(၅) ပထမအကြိမ်အာစရိယပူဇော်

ရန်ကုန် မေ ၄

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၅)အခြေခံပညာအလယ်တန်းကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၁၀နာရီက မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ၁၉၇၀ပြည့်နှစ်မှ ၁၉၈၅နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီး ၇၅ဦးတို့အား ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး နှစ်စဉ်အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန်အတွက် ငွေပဒေသာပင်အဖြစ် ငွေကျပ် ၄၁၁၀၀၀ကို စိုက်ထူလှူဒါန်းကြသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၅-၄-၂၀၀၄ ရက်(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၀	၈။	အဆိုပြိုင်ပွဲ
၈း၁၅	၉။	ရွှေလီတံတား
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ ၊ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၇း၁၅	၆။	အကပဒေသာ
၁၇း၃၀	၇။	တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇း၄၅	၈။	မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံများ
၁၈း၀၀	၉။	Discovery.
၁၈း၁၅	၁၀။	တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၁၅	၁၄။	တေးဂီတအစီအစဉ်
၁၉း၂၅	၁၅။	စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မှာ
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ" (အပိုင်း-၁၉)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း လှိုင်မြို့နယ်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ် ၂၅ရက်တွင် အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးက ကျောင်းသူ မစိမ်းလဲ့ထူးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

ကျေးလက်မီးဘေး ကာကွယ်ရေး၊ မနေးဆောင်ရွက်တို့အတွက်။

■ **ကျောဖုံးမှ**

ထင်ရှားကျော်ကြားပေဦးမည်။ အာဂ တနင်္သာရီပါပေ။

ယခု ထားဝယ်သား ပန်းချီဆရာများစုစည်းပြီး သုန်သုန်လေရူးနွှေဦး ပန်းချီပြပွဲကို ရန်ကုန်မြို့ အမျိုးသား ပြတိုက်၌ ပြသနေသည်။ ဧပြီ ၃ ရက်မှ ထီးထီးမားမား ရှိသည်။ မုတ္တမ ပင်လယ်ပြာကြီးကလည်းမေးတင်ထားသည်။ မောင်းမကန်ကဲ့သို့ ကမ်းခြေသာယာလည်းများသည်။ သဘာဝက ပေးထားသော လက်ဆောင်ပဏ္ဏာများကား တကယ့်အလှတရားများ ပါပေ။ ထို့ကြောင့် တနင်္သာရီသည် အရောင်စုံသည်၊ အသွေးစုံသည်။ သည်။ အချိန်ကနေဝင်ဆည်းဆာချိန်မို့ ကောင်းကင်မှာ အရောင်စုံသည်။ သို့သော် တစ်နေ့တာလုံး ရုန်းကန်လှုပ်ရှားခဲ့ပြီးပြီမို့ ညိုမှိုင်းမှိုင်း တောင်တန်းကြီးများက မိန်းမောနေကြပြီ။ ပင်လယ်ပြင်ကြီးကား မလှုပ်မယှက် ပကတိငြိမ်သက်နေသော်လည်း တိမ်အရောင်ဟပ်၍ လင်းလက်နေသည်။ သဘာဝအလှနှင့် လုပ်အားအလှကို ပေါင်းစည်းထားသည့် ပြကွက်ဖြစ်သည်။

ကျေးလက်အလှ

ပင်လယ်ကို အမှီပြုနေထိုင်ကြသော ပင်လယ်ပျော်တို့၏ ဘဝပုံရိပ်များလည်း တွေ့ရသည်။ ကျေးလက်

သဘာဝတရားကဖန်တီးထားသည့် ကုန်းကမူလေးပေါ်ရှိ ထုံးဖြူဖြူစေတီလေးကို အဝေးမှကြည်ညိုဖွယ် ဖူးတွေ့ရသည်။
(ဓာတ်ပုံ–ရွှေအင်းသားခင်မောင်ဝင်း)

ကိန္နရီမောင်နှံ

ဂန္ဓမာဒနတောင် နန္ဒဝန်လိုဏ်ဂူတွင်းမှ ကိန္နရီမောင်နှံမှာ ဂူဝမှ ဖြာကျနေသော အလင်းရောင်အောက်တွင် ငှက်သွင်ပျံကြွမတတ်ရှိလှသည်။
(ဓာတ်ပုံ–ရွှေအင်းသားခင်မောင်ဝင်း)

၇ရက်အထိ ဖြစ်သည်။ နွှေဦးပန်းချီသည် ဝသန်ဦးကို ကြိုဆိုနေသယောင် ထင်ရသည်။

တစ်မျှော်တစ်ခေါ်မြင်ရ

ထားဝယ်သားတို့၏ ပန်းချီကားအတော်များများတွင် စိမ်းစိုစိုညိုမောင်းမောင်း တောရိပ်တောင်ရိပ်များ ယှက်သန်းနေသည်။ တောင်ခြေတွင် မြူခိုးတွေဝေလျက်။ ပြာလဲ့လဲ့မိုးကောင်းကင်နှင့် စိမ်းပြာပြာ ပင်လယ်ပြင်ကြီးကိုလည်း တစ်မျှော်တစ်ခေါ် မြင်ရသည်။

တနင်္သာရီတွင် အထင်ကရ တနင်္သာရီ တောင်တန်းကြီးလည်း သဘာဝကပေးသော အလှတရားများနှင့် ဘဝကပေးသော လုပ်အားအလှများကို ပေါင်းစပ်လိုက်သောအခါ စုတ်ချက်ပီသည့်ပန်းချီအနုပညာသည် ထွက်ပေါ်လာရတော့သည်။

မောင်းမကန် ကမ်းခြေအလှ

ဆရာဦးစိုးထွေးက ထားဝယ်ဒေသ၏ အထင်ကရ မောင်းမကန် ကမ်းခြေအလှကို လက်ရာမြောက်စွာ ဤသို့ခြယ်သသည်။

ညီညာပြန့်ပြူးသော ဖြူလွလွ သဲသောင်ခုံဝယ် မောင်နှံနှစ်စုံတို့က ပင်လယ်ပြင်မှ ပိုက်ထမ်းပြန်လာကြ

ဆရာသိန်းမြင့်သိန်း၏ ကမ်းနားဈေးမှာ ပင်လယ်ပျော်တို့၏ ရိုးသားသောလူမှုဘဝကို ပေါ်လွင်စေပါသည်။
(ဓာတ်ပုံ–ရွှေအင်းသားခင်မောင်ဝင်း)

ထားဝယ်မြို့အဝင်လမ်းမှာ တောင်ပြာတန်းကို နောက်ခံပြုထားသည်။ စီတန်းနေသော ထန်းပင်တန်းနှင့် ရွှေဝါရောင် လယ်ကွင်းပြင်မှာ နွေသရုပ်ကို ပီပြင်စေသည်။
(ဓာတ်ပုံ–ရွှေအင်းသားခင်မောင်ဝင်း)

အလှ ထန်းတက်သမားဘဝကိုလည်း မြင်ရသည်။

ရေလုပ်သားတို့ဘဝ

တစ်ညတာဝေးရုံဖြင့် ရက်ပေါင်း ၇၀၀ ဆွေးခဲ့ရသည့် ကိန္နရီမောင်နှံနှစ်ဖော်တို့၏ အလှကို ရေးဖွဲ့ထားသည့် ဆရာကျော်ဝေ၏လက်ရာမှာ သုဝဏ္ဏသာမပျို့ထဲက နန္ဒဝန်ဂူထဲရောက်သွားသည့်အလား ခံစားရသည်။ ထားဝယ်မြို့မှ ပန်းချီဆရာတစ်ဦးဖြစ်သည့် ကရဝိက်လှရွှေခေါ် ဆရာဦးလှရွှေက မောင်းမကန်ကမ်းခြေ၏အလှ၊ ဒီရေ အတက်အကျပေါ်မူတည်၍ ရေလုပ်သားတို့၏ လှေများ အချိန်မီ လုပ်ငန်းများ စောစီးအောင် ကြိုးပမ်းလုပ်ကိုင်နေပုံများ၊ တံငါသည် ရေလုပ်သားများ၏ လှေမထွက်မီ လုပ်ငန်းပြင်ဆင်နေပုံများမှာ တံငါသည် ရေလုပ်သားတို့ဘဝကို စာနာစိတ်များ ဖြစ်လာအောင် ရေးခြယ်ထားသည်။

ထားဝယ်မြို့၏ အထင်ကရ စေတီတစ်ဆူဖြစ်သည့် ကလိမ်အောင် ဆံတော်ရှင်စေတီ ပန်းချီကားမှာလည်း ကြည်ညိုဖွယ်ရာ ကောင်းလှသည်။

ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု

ဆရာထားဝယ်အောင်သိန်းက ထားဝယ်ညနေခင်း ရေခပ်ဆင်းသည့် ထားဝယ်ပျိုမေ တစ်သင်း၏ ရေခပ်ဆင်းပုံ ပန်းချီကားမှာလည်း မြန်မာ့ဓလေ့ မြန်မာ့ဟန် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကို ပီပြင်အောင်ခြယ်သထားပြန်သည်။

ဆရာသိန်းမြင့်သိန်း၏ ပန်းချီကားများအနက်မောင်းမကန်ကမ်းခြေ၊ သဘော်ဆိပ်ရှုခင်း၊ မနက်ခင်းဈေး၊ ငှက်ပျောခိုင်ပန်းချီကားတို့မှာလည်း ပြပွဲလာပရိသတ်များ အထပ်ထပ် အခါခါ ကြည့်ရသည့် ပန်းချီကားများ ဖြစ်သည်။

ဆရာကြီးဦးငွေကိုင်၏ မြန်မာအမျိုးသမီးတစ်ဦး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပန်းချီကား၊ ချယ်ရီပန်းအလှ၊ ကန်မော်ရွာအလှစသော ပန်းချီကားများမှာလည်း ကြည့်ရှုသူ၊ ပန်းချီပညာလေ့လာသူများအဖို့ လက်ဆင့်ကမ်း ပန်းချီပညာအမွေများ ဖြစ်လာသည်။

ဆရာဦးဘထွန်းတင်၏ ထားဝယ်ရှုခင်းပန်းချီကားမှာ ထားဝယ်မြို့၏ ဝန်းကျင်သာယာပုံများကို တောတောင် ရေတံခွန်များဖြင့် ရှုမငြီး ဖွယ်ခံစားရသည်။

ဆရာဦးသိန်းညွှန့်၏ လက်ရာ ဆင်နှင့် ဆင်လုပ်သားတို့၏ ပန်းချီကားများမှာ မြန်မာ့သစ်လုပ်ငန်း၏ သမိုင်းနှင့်ဆင်လုပ်သားများ၏ ဘဝ အားမာန်ကို အမိအရ ဖော်ကျူးနိုင်သည်။

မြဝတီမင်းကြီးဦးစ၏ပုံ၊ ပဒေါင်တိုင်းရင်းသူ လှပျိုဖြူတစ်ဦး၏ ဝတ်စား ဆင်ယင် ထုံးဖွဲ့မှုများမှာလည်း အထူး ဆွဲဆောင် အားကောင်းသော ပန်းချီကားများဖြစ်သည်။

ဆရာဦးအောင်မြင့်၏ သစ်သီးဝလံအလှပန်းချီကား၊ ဆရာဦးထွန်းဝေ၏ ရွှေတိဂုံစေတီတော် မီးထွန်းချိန် မြောက်ဘက်မုခ်မြင်ကွင်းပန်းချီကားတို့မှာ ပန်းချီကားတစ်ချပ်၏ ရှိသင့်သော အလင်းအမှောင်တို့ကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ရေးခြယ်ထားသည်။

ဆရာဦးထွန်းဝေ၏ မြစ်ဝကျွန်းပေါ် အိုးလှေပန်းချီကားမှာ မြစ်ဝကျွန်းပေါ်မှ စဉ့်အိုးများ၏အလှကို မိမိရရ ဖော်ကျူးနိုင်သည်။

ဘဝကိုလှလှပပခြယ်မှုန်း

ထားဝယ်တူးတူး၏ ပြည်မြို့တစ်နေရာမှ ပုံကျဈေး၊ ရွှေတိဂုံမြောက်ဘက်မုခ်၊ အင်းလေးကန်မှ ရေလုပ်သားတို့၏ဘဝကို လှလှပပခြယ်မှုန်းနိုင်သည်။

အနုပညာလက်ရာမြောက်

ဆရာဦးကျော်ကျော်၏ ဘုန်းတော်ကြီးကျောင်း၊ ကျွဲကျောင်းသား၊ ကချင်ဓလေ့ထုံးစံ၊ အင်းလေးကန်အလှ၊တံငါသည်ရွာ၊ မလိဝန်းရေတံခွန်တို့မှာလည်း အနုပညာလက်ရာမြောက်ပန်းချီကားများ ဖြစ်သည်။

ဆရာလှမင်းက ဇာတ်သဘင်လောကမှ အနုပညာရှင်များ၏ ရှန်းကန်လှုပ်ရှားရသည့်ဘဝကို ပန်းချီပညာဖြင့် တင်ပြထားသည်မှာ ထူးခြားလှသည်။

စုတ်ချက်ဖြင့်ထင်ဟပ်ပြ

သုန်သုန်လေရူး နွေဦးပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၁၃၈ကား ပါဝင်ပြသထားသည်။ လောက၏ ပကတိ အရှိတရားများကို ပန်းချီဖြင့် ကိုယ်စားပြုဖော်ပြထားသည်။ သဘာဝအလှနှင့် လူနေမှုဘဝကို စုတ်ချက်ဖြင့် ထင်ဟပ်ပြသည်။ ဤထင်ဟပ်ချက်သည်ပင်လျှင် ခေတ်တစ်ခေတ်၏ နိမိတ်ပုံကို ညွှန်ပြနေသည်။ ဤထင်ဟပ်ချက်၊ ညွှန်ပြချက်များကို သဘာဝအလှအတိုင်း၊ လူနေမှုဘဝအတိုင်း လေ့လာခံစားလိုပါလျှင် ထားဝယ်သားအနုပညာမြတ်နိုးသူများ၏ သုန်သုန်လေရူး နွေဦးပန်းချီပြပွဲကို အရောက်လှမ်းလာခဲ့ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှု နိုင်ကြောင်းလည်း ထပ်မံ သတင်းကောင်းပါးအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

ဆရာသိန်းမြင့်သိန်း၏ မြန်မာ့ယဉ်ကျေးမှု ဓလေ့ ရေအိုးစင်လေးကို သစ်ပင်အိုနှင့် ပေါင်းစပ်ဖော်ကျူးထားသည်မှာ ဤသို့။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ပြန်ပြောင်းအောက်မေ့ဖွယ်

ဆရာဦးထူးညွှန့်၏ တပင်တိုင်အက၊ စစ်ပြီးကာလ ဆူးလေစေတီတော်ပုံများမှာအတိတ်ကာလ၏ ခေတ်တစ်ခေတ်ကို ပြန်ပြောင်းအောက်မေ့ဖွယ်ဖြစ်သည်။

ဇာတ်သဘင်၏ပွဲဦးထွက် အပျိုတော်တို့စရိုက် အပျိုတော်တို့ဘဝကို သဘာဝကျကျ ခေတ်သစ်ပန်းချီဖြင့် တင်ပြထားသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ကျွန်းသစ်နှင့် မြန်မာ့ဆင်သရုပ်ဖော်ပန်းချီမှာ မြန်မာ့သစ်တောသယံဇာတ ကြွယ်ဝမှုပေါ်လွင်စေပါသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



မြန်မာတို့၏ မရှိးနိုင်သော လူ့အသုံးအဆောင် ပစ္စည်းအဖြစ် ယနေ့တိုင် ရပ်တည်နေနိုင်ပုံကို ကမ်းစပ်တွင် ကြိုးချည်ရပ်နားထားသော စဉ့်အိုးလှေဖြင့် သရုပ်ဖော်ထားသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နယ်စပ်စည်ပင်ဝန်ကြီးဌာန စုပေါင်းရဟန်းခံရှင်ပြု ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ်ကမာရွတ်ဘူတာရုံလမ်းရှိ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျား) ကျောင်း ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသည့် ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ သံဃာတော်များအား ဝန်ကြီးဌာနမိသားစုများက သိမ်ဆင်းလောင်းလှူကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွှန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့က ဦးစီးလျက် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်က အနုမောဒနာတရား ဟောကြားတော်မူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာတွင် ရဟန်း ၃၆ ပါးနှင့် ရှင်သာမဏေ ၂၂ပါး တို့အား သာသနာ့ဘောင်သို့ ဝင်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့မူဟန် ဓလေ့ထုံးစံ

ထိန်းပါစဉ်ဆက်အစဉ်အလာမပျက်

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်

လေးဝတီကျော်

ရခိုင်တိုင်းရင်းသားများ ကျင်းပလေ့ရှိသော ပွဲလမ်းသဘင်များတွင် ရိုးရာသင်္ကြန်ပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သည်ကား တစ်မူထူးခြားပါသည်။ သင်္ကြန်အကြိုနေ့တွင် ရေပက်ကစားခြင်း မပြုကြရပေ။ အထူးသဖြင့် ဘုရားရေသပ္ပာယ်ခြင်း မပြီးမချင်း တစ်ဦးနှင့်တစ်ဦးရေပက်ကစားခြင်း မပြုကြရပါ။ သင်္ကြန်ပွဲတော်ကျင်းပခြင်းကို နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ရေပက်ကစားပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ကျင်းပပြုလုပ်လေ့ရှိကြသည်။

နံ့သာသွေးပွဲ

သင်္ကြန်အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ရန်အတွက် အကြိုနေ့မတိုင်မီည၌ အမွှေးနံ့သာများ သွေးလေ့ရှိကြသည်။ထိုသို့အမွှေးနံ့သာသွေးရာသို့ ရပ်ရွာထဲရှိ သမီးပျိုကလေးများက လာရောက်နံ့သာသွေးကြသကဲ့သို့ လူပျိုကာလသားများကလည်း အတီးအမှုတ်၊ အကအခုန်များဖြင့် ပျော်ပျော်ပါးပါး လာရောက်နံ့သာသွေးလေ့ရှိကြသည်။ ရခိုင်တိုင်းရင်းသားတို့အခေါ်အားဖြင့် **'နံ့သာ သွီးပွေး'** နံ့သာသွေးပွဲဟု ခေါ်သည်။

ဘုရားရေသပ္ပာယ်ပွဲ

ဘုရားရေသပ္ပာယ်ပွဲကို သင်္ကြန်အကြိုနေ့မှာ ကျင်းပလေ့ရှိကြသည်။ ဘုရားရေသပ္ပာယ်ရန် ရပ်ရွာထဲမှ အပျိုအရွယ် လုံမငယ်ကလေးများသည် နံ့သာခွက်ကိုယ်စီ ခေါင်းမှာရွက်၍လည်းကောင်း၊ တချို့က ဆွမ်းအုပ်များရွက်၍လည်းကောင်း၊ မိမိတို့ ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းသို့ သွားကြရသည်။ လူပျိုကာလသားများကလည်း သင်္ကြန်သံချပ်များ၊ သင်္ကြန်တေးများ သီဆိုလျက် အတီးအမှုတ်အစုံဖြင့် တပျော်တပါး ကခုန်လိုက်ပါလေ့ရှိကြသည်။

ဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ မိန်းကလေးများက ရေတွင်း ရေကန်များမှ ရေများကို ရေအိုးများဖြင့်ဆွဲငင် ခပ်ယူပေးလေ့ရှိကြပြီး လူငယ်ကာလသားများက ကျောင်းကို ဆေးကြောသန့်စင်ခြင်း၊ ကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများကို ရေသပ္ပာယ်ခြင်း၊ နံ့သာရေမွှေးဖြင့် ပက်ဖျန်းခြင်းစသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို ပြုလုပ်လေ့ရှိကြသည်။ ယင်းနောက် ပြန်လာကြပြီး အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ရပ်ရွာအတွင်း လှည့်လည်ကာ သက်ကြီးရွယ်အိုများအား ရေချိုးပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်းစသည့်ကောင်းမှုများ ပြုလုပ်လေ့ရှိကြသည်။ ဘုရားရေသပ္ပာယ်ပြီးလျှင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားနိုင်ကြပါပြီ။

ရေပက်ကစားပွဲ

ရခိုင်ရိုးရာသင်္ကြန်ရေပက်ကစားခြင်း ကျင်းပပြုလုပ်ရာတွင် ရခိုင်လှပျိုဖြူကလေးများသည် မိမိတို့မဏ္ဍပ်အတွင်းမှ ထိုင်စောင့်နေကြရပြီးလူငယ်ယောကျ်ားများက မဏ္ဍပ်တစ်ခုပြီး တစ်ခုလှည့်ပတ်၍ လာရောက်ကစားကြလေ့ရှိကြပါသည်။ သင်္ကြန်ရေကစားမဏ္ဍပ်များကို ရပ်ရွာ (သို့) ရပ်ကွက်အတွင်း ရေပက်ကစားကြမည့် အမျိုးသမီးအရေအတွက်ကိုလိုက်၍ ဆောက်လုပ်လေ့ရှိကြပါသည်။ မဏ္ဍပ်တစ်ခုလျှင် ရခိုင်လုံမငယ် ၂၀ မှ ၅၀အထိ ပါဝင်လေ့ရှိကြပြီး ငွေကြေးအခြေအနေကိုလိုက်၍ ရပ်ကွက်အတွင်း မဏ္ဍပ်အနည်းအများ ကွာခြားလေ့ရှိကြပါသည်။

ရေကစားမဏ္ဍပ်များတွင် ရေထည့်ရန် လောင်းလှေကြီးများကို တင်ထားပြီး လောင်းလှေကြီးများတွင် ရေအပြည့်ဖြည့်ကာ ရေပက်ခံ မိန်းကလေးများက လောင်းလှေကို မျက်နှာမူလျက် မဏ္ဍပ်ကို ကျောပေးကာရေခွက်ကိုယ်စီဖြင့် ထိုင်နေကြရပါသည်။ ရေကစားကြမည့် လူငယ်ကာလသားများက ထိုင်နေသည့် မိန်းကလေးများအနက် မိမိရေပက်ကစားလိုသည့် မိန်းကလေးကို ရွေးချယ်ပြီး ခေါ်ယူရေပက်ကစားနိုင်ပါသည်။ ဤသို့ ခေါ်ယူရာမှ ထိုင်နေသော မိန်းကလေး၏ ကျောပြင်ကိုမိမိတွင် အသင့်ပါလာသော ရေခွက်ထဲမှ ရေဖြင့် အသာအယာ ပက်ဖျန်းလိုက်ပြီး ရခိုင်ဘာသာဖြင့် **'မရီး ရီတချေပီးပါ'** ညီမ... ရေနည်းနည်းပေးပါဟု ယဉ်ကျေးစွာ တောင်းရပါသည်။ နောက်ကျောပေးထားသည့် ရေပက်ခံ မိန်းကလေးကလည်း မိမိအား ခေါ်ယူလိုက်သည်ကို သိရှိလိုက်ပြီး မိမိရှေ့ရှိလောင်းလှေထဲမှရေကို လက်ထဲမှရွှေဖလားဖြင့် ခပ်ယူကာ လုလင်ပျို၏ ရေပုံးထဲသို့ ရေဖြည့်ထည့်ပေးရပါသည်။ ဤသို့အားဖြင့် တစ်ဦးနှင့်တစ်ဦးမျက်နှာချင်းဆိုင်ကာ ရေပက်ကစားကြရပါသည်။ ဤသို့ရေပက်ကစားရင်း အခြားအချိန်အခါများထက် စကားစမြည်ပြောဆိုပြီး ယဉ်ကျေးစွာ ရေပက်ကစားနိုင်ကြပါသည်။

ရိုးရာသင်္ကြန်ပွဲဆင်နွှဲရန်အတွက် ရခိုင်လူငယ်ယောကျ်ားကလေးများသည် အုပ်စုအလိုက် အစုအသင်းဖွဲ့ကာ လာရောက်လေ့ရှိကြပါသည်။ တချို့မှာ နွားလှည်းဖြင့်၊ တချို့မှာ မော်တော်ကားဖြင့် အသီးသီးလာရောက်ကြခြင်းဖြစ်ပါသည်။ အဖွဲ့တိုင်းတွင် တီးဝိုင်းများပါလာကာ မဏ္ဍပ်တစ်ခုမှ တစ်ခုသို့ အကူးတွင် သီဆိုတီးမှုတ်ကခုန်ကာ သွားကြလေ့ရှိကြသည်။ ရခိုင်လူငယ်တို့ သီဆိုကြသော သင်္ကြန်သံချပ်များနှင့် သင်္ကြန်တေးသီချင်းများမှာ ရိုးရာအစဉ်အလာအရ သီဆိုကြခြင်းအပြင် ခေတ်၌ထင်ဟပ်နေသော အကြောင်းအရာများကို ထင်ဟပ်ဖော်ကျူးသည်များလည်း ပါဝင်ပါသည်။

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာ အလွန်ကောင်းသော စည်းကမ်းသေဝပ်သော ပွဲတော်တစ်ခုဖြစ်ပါသည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်၏ စည်းကမ်းချက်များအနက်မှ အချက်တချို့ကို ဖော်ပြရလျှင်-

- **သင်္ကြန်မဏ္ဍပ်တွင် ရေပက်ကစားသော မိန်းမပျိုသည် ရေဖလားကိုယ်စီဖြင့် ရေအပြည့်ဖြည့်ထားသော လောင်းလှေကို မျက်နှာမူပြီး ရေပက်လာသူကို ကျောပေး၍ ထိုင်နေကြရသည်။**
- **မိမိကျောပြင်ကို ရေပက်ဖျန်း၍ ရေလောင်းလာသူ ယောကျ်ားပျိုအား မိမိက နှစ်လိုသည်ဖြစ်စေ၊ မနှစ်လိုသည်ဖြစ်စေ ရေပေး၍ အပြန်အလှန် ရေပက်ကစားကြရသည်။**
- **ရေပက်နေသူ ယောကျ်ားပျိုက ရေတောင်းပြီး ဆက်လက်ပက်နေသရွေ့ မိမိကလည်း ဆက်လက်ပက်နေရသည်။ ရေပက်ခြင်း ရပ်တန့်၍ အတွင်းသို့ ဝင်သွားခြင်း၊ ရေမပေးဘဲ ပြန်ထိုင်နေခြင်း မပြုလုပ်ကြရပါ။**
- **ရေပက်ရန် လာရောက်ကြသော သင်္ကြန်အသင်းအဖွဲ့များသည် ရေပုံး၊ ရေခွက် ငှားခြင်း မပြုလုပ်ကြရပါ။ ရေပုံး၊ ရေခွက်များကိုယ်စီ ပါလာကြရပါသည်။**
- **သင်္ကြန်အသင်းအဖွဲ့ အသီးသီးတို့သည် မိမိတို့နှင့်အတူ အန္တရာယ်ဖြစ်စေနိုင်သော လက်နက်ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်လာခြင်း မပြုကြရသည့်အပြင် မဏ္ဍပ်မှသတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာကြရပါသည်။**

ဤသို့အားဖြင့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာ ကောင်းသော၊ စည်းကမ်းသေဝပ်သော၊ ယဉ်ကျေးသိမ်မွေ့သော ပွဲတော်တစ်ခုဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။ ရခိုင်တိုင်းရင်းသားများသည် မိမိတို့၏ ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အစဉ်ထိန်းသိမ်း မြှင့်တင်နေကြရမည်ဖြစ်သည်။ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် အစဉ်အလာတစ်ရပ်ကို ပြည်ထောင်စုသွေးချင်းများ လေ့လာသိရှိနိုင်ရန် ယဉ်ကျေးမှုပေါင်းကူးအဖြစ် တင်ပြလိုက်ရပါသတည်း။ ။

စစ်ကိုင်းတောင်ရိုးသဒ္ဓမ္မဇောတိကာမဟာသိမ်တော်ကြီးအတွက်အလှူတော်

ရန်ကုန် ဧပြီ ၄

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ တည်ဆောက်လျက်ရှိသော သဒ္ဓမ္မဇောတိကာ မဟာသိမ်တော်ကြီးနှင့် သန္တိမဟာဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးအတွက် ရွှေကျင် မြို့နယ်သူ မြို့နယ်သားများ၏ ဒုတိယကြိမ် အလှူတော်ငွေ ၁၆၅၆၀၀၀ လှူဒါန်းခြင်းအခမ်းအနားတွင် အကျိုးတော်ဆောင် ဦးမိုးအောင်နှင့် ဦးမောင်ချိုတို့က သီတဂူအမှုဆောင် ဦးငြိမ်းထံသို့ မတ်၁၄ရက်တွင် သီတဂူဆရာတော်ကြီး၏ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ရွှေကျင်မြို့နယ်မှ ပထမအကြိမ်တစ်ဆယ့်ခြောက်သိန်းနှင့်ဆိုပါကစုစုပေါင်း သုံးဆယ့်နှစ်သိန်းငါးသောင်းခြောက်ထောင် လှူဒါန်းနိုင်ခဲ့ပြီးဖြစ်သည်။

(က-ပ)

ဧပြီ ၃ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် ၁၃၃ သံလွင်လမ်းနေ (ဒေါက်တာ ဦးချန်တိတ်- မျက်စိအထူးကု)၏ ဇနီး ဒေါ်ခင်ဖွား၏ အသက် (၉၃) နှစ်မြောက် မွေးနေ့အဖြစ် ကမာရွတ်မြို့နယ် အတွင်းရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူများအား မြသီတာ စာပေတိုက်ထုတ် ပညာရေးအထောက်အကူပြု စာအုပ်တန်ဖိုးကျပ်တစ်သိန်းတစ်သောင်းခြောက်ထောင်ကို လှူဒါန်းရာ မြို့နယ် ပညာရေးမှူး ဒေါ်တင်တင်မြနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံကြစဉ်။ (မြန်မာ့အလင်း)

နှစ်ကျိပ်ရှစ်ဆူ

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

မြင်းခြံ မတ် ၃၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၏ (၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ငါးရက်မှ ပထမဝါဆိုလပြည့်ကျော် ခုနစ်ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဆိုင်ခန်းဆောက်လုပ်ရေးတင်ဒါ ပေးသွင်းခြင်းနှင့် ဇာတ်ပွဲမြေနေရာ လေလံပွဲကို ကဆုန်လဆုတ် ၅ရက်နေ့မွန်းလွဲ ၁နာရီတွင် ဘုရားကြီးရင်ပြင်တော်၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရိုးရာ ဇာတ်သဘင်အဖွဲ့များ၊ အငြိမ့်အဖွဲ့များ၊ ဆပ်ကပ်နှင့် မျက်လှည့်အဖွဲ့များကို တင်ဆက်ကပြခွင့်ပြုမည်ဖြစ်ပါ၍ လေလံဆွဲလုပ်ကိုင်လိုသူများ ဂေါပကအဖွဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး မြင်းခြံမြို့ ဖုန်း-၀၆၆-၂၁၅၁၀ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မင်းရွာ အောင်ဇမ္ဗူမဟာမင်းကျောင်းကျောင်းတိုက်၌ ဧပြီ ၁၁ရက်မှ ၁၇ ရက် အထိ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဟိတေသက အရှင်သူမြတ်က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်သစ္စာလေးပါး အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကျောက်တန်းမြို့နယ်အတွင်း ပုစွန်မွေးမြူရေးကန်များ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ ကျောက်တန်းပုစွန်အထူးဇုန်၊ ယုနဒီ ပုစွန်မွေးမြူရေးကန် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ဝန်ကြီးသည် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပုစွန်မွေးမြူရေးကန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မဟာဇန္ဒလကုမ္ပဏီလီမိတက် ရေငန်ပုစွန်မွေးမြူရေးကန်သို့ လည်းကောင်း၊ ဝင်းနားဘရားသားကုမ္ပဏီလီမိတက် ပုစွန်မွေးမြူရေးကန်သို့လည်းကောင်း၊ ရွှေနဒီကုမ္ပဏီလီမိတက် ပုစွန်မွေးမြူရေးကန်သို့ လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပုစွန်သားပေါက်များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးသွားရန်နှင့် ပုစွန်မွေးမြူရေးအတွက် စက်သုံးဆီများကို ခြိုးခြံချွေတာသုံးစွဲရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့စီးပွားရေးဘဏ်မော်ဘီဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်းတက်ရောက်၍ဘဏ်ခွဲဆိုင်းဘုတ်အားဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၄

မြန်မာ့စီးပွားရေးဘဏ်မော်ဘီဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မော်ဘီမြို့ အမှတ်(၄)လမ်းမကြီး မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်းရှေ့ရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင်က ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေတို့အား ဘဏ်ခွဲနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက မြန်မာ့စီးပွားရေးဘဏ် မော်ဘီဘဏ်ခွဲဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦးနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်တို့က ဘဏ်ခွဲအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဘဏ်ခွဲအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ကုန်စည်ပြပွဲ- ၂၀၀၄တတိယမြောက်နေ့ဆက်

ရန်ကုန် ဧပြီ ၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကုန်စည်ပြပွဲ-၂၀၀၄ကို ယနေ့နံနက်၉နာရီမှ ညနေ၆နာရီအထိ တတိယမြောက်နေ့အဖြစ် Quartz International Co.,Ltd. က စီစဉ်ခင်းကျင်းပြသလျက်ရှိရာ လုပ်ငန်းရှင်များ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲတွင် Seven Bees Trading Enterprise၏ မီးရှဲလ်ရှန်ပူများနှင့် ပက်တီအသားဖြူကရင်(မ်)ပြခန်း၊ Winner Plastic Manufacturing Co.,Ltd.၏ နေအိမ်နှင့်လုပ်ငန်းသုံးပလတ်စတစ်ပစ္စည်းများ ပြခန်း၊ Myanmar Online (MODINS) Web Solutions ၏ **(အပေါ်ပုံ)** သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်များ စီစဉ်ရေးသားခြင်း၊ ခေတ်မီဝန်ထမ်းကတ်ပြုလုပ်ခြင်း၊ Tradefair Modins net လိပ်စာဖြင့် မြန်မာ့ကုန်စည်ပြပွဲ-၂၀၀၄ကို အင်တာနက်တွင်လွှင့်တင်ပေးထားခြင်း၊ဝန်ဆောင်မှုလုပ်ငန်းပြခန်းတို့ကို Star Entertainment Co.,Ltd.၏ ကုန်ပစ္စည်း ကြော်ငြာသရုပ်ပြပွဲ တက်သစ်စအနုပညာရှင်အဖွဲ့ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပူးတွဲကာပြပွဲကို ဧပြီ ၅ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆ နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ကုန်သစ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များအား Forever Group Co., Ltd.၏ ထုတ်ကုန်အသစ် ဖြစ်သော MMBox(Myanmar Media Box)မိတ်ဆက်ပြပွဲနှင့် MRTV-3 Advertisingအကြောင်း ရှင်းလင်းတင်ပြပွဲကို ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်က ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက်Forever Group Co., Ltd.၏ မန်နေဂျာ ဒေါ်ခင်ကေခိုင်ကMRTV-3 ကြော်ငြာအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအနေဖြင့်MRTV-3 အစီအစဉ်တွင် မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်ကြောင်းနှင့် ကြော်ငြာပုံစံ အသစ်အဆန်းများကို မိတ်ဆက်တင်ပြသည်။ ထို့နောက် Forever Group Co., Ltd. ၏မန်နေဂျာ ဦးမျိုးမင်းက MMBox(Myanmar Media Box) အကြောင်းမိတ်ဆက်ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကိုဝိုင်းဝန်းဆွေးနွေးပြီးအခမ်းအနားအစီအစဉ်ကို မွန်းတည့် ၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဧပြီ၃ရက်ကအမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း ဗဟန်း၏ ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ် အလယ်တန်းဆင့်ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် အပ်နှင်းပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းနွဲ့က အဋ္ဌမတန်းကျောင်းသူ မသီဂီနန္ဒစိုးအား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

တရားဟောကြားမည်

ရန်ကုန် ဧပြီ ၄

သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် အနော်မာ၁၉လမ်း အနောက်မိသားစု၏ (၄၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲနှင့်တရားပွဲ မဏ္ဍပ်မွေ့သဘင်၌ ဧပြီ ၁၂ရက်တွင် ရွှေဘိုဆရာတော် ဘဒ္ဒန္တဦးမာနိတ၊ ဧပြီ ၁၃ရက်တွင် ဆရာတော်ဘဒ္ဒန္တ ဦးဝါသဝ၊ ဧပြီ ၁၄ ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တ ဦးနရပတိ၊ ဧပြီ ၁၅ ရက်တွင် အိမ်တော်ရာ ဆရာတော် ဘဒ္ဒန္တဦးဝါသေဋ္ဌ၊ဧပြီ၁၆ရက်တွင် မြိုင်ဆရာတော် ဦးပညာဇောတတို့က ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

အက်ဖ်အေဖလား ဒုတိယအကြို ဗိုလ်လုပွဲစဉ်၌ မီလ်ဝေါက ဆန်းဒါးလန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ပွဲအပြီးတွင် မီလ်ဝေါအသင်းသားများ ဝမ်းသာပျော်မြူးနေကြစဉ်။
(အင်တာနက်)

ရွှေရောနှင့် ဂရဲင်းမာစတာ အရောင်းကိုယ်စားလှယ်များ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၄

ရွှေရော အင်တာပရိုက်စ်နှင့် ဂရဲင်းမာစတာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့၏ ၂၀၀၃ခုနှစ် ရောင်းအားမြင့်Customerများနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုဆုပေးပွဲကို မတ် ၂၆ ညနေ ၆နာရီခွဲက ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ Hotel K Paradise ၌ ပြုလုပ်ရာ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာအောင်ဝင်းမောင်က ဂုဏ်ပြုပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာအောင်ဝင်းမောင်၊အထွေထွေမန်နေဂျာဦးခင်မောင်မောင်နှင့်မန်နေဂျာဦးကျော်လွင်တို့က ရွှေရောအမှတ်တံဆိပ်ဆိုဒါမင့်ဆေးပြား၊ စီပီအမ်၊ ဗီတာမင် B1နှင့်ဗီတာမင်B6 ဆေးဝါး အရောင်းရဆုံး ကိုယ်စားလှယ် ငါးဦးအား Premier Prize ရွှေထည်ဆုကိုလည်းကောင်း၊ ဒုတိယအရောင်းရဆုံး ကိုယ်စားလှယ် ငါးဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ အရောင်းရဆုံး ကိုယ်စားလှယ် ငါးဦးအားPremier Prize ရွှေထည်ဆုကိုလည်းကောင်း၊ ဒုတိယအရောင်းရဆုံးကိုယ်စားလှယ် ငါးဦးတို့ကို ဂုဏ်ပြုဆုများကို ပေးအပ်ကြသည်။ထို့ပြင် ရွှေရောအင်တာပရိုက်စ် အထူးဆုရရှိသူ ၂၅ ဦးနှင့် မြို့နယ်အသီးသီးမှ အရောင်းကိုယ်စားလှယ် ၁၉ ဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်လိုက်ကြောင်း သိရသည်။

(က-ပ)



ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အက်ဖ်အေဖလားဗိုလ်လုပွဲ မန်ချက်စတာယူနိုက်တက်နှင့် မီလ်ဝေါယှဉ်ပြိုင်ရမည်

ရန်ကုန် ဧပြီ ၄

အင်္ဂလန်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဆန်းဒါးလန်းအသင်းနှင့် မီလ်ဝေါအသင်းတို့ ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲတွင် ယှဉ်ပြိုင်ကစားရာ မီလ်ဝေါအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မီလ်ဝေါအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း ၂၅မိနစ်တွင် တင်မ်ကာဟေးလ်က သွင်းယူသည်။

မီလ်ဝေါအသင်းသည် ယခုပွဲအနိုင်ရသဖြင့် မေ ၂၂ ရက်တွင် ကျင်းပမည့် နောက်ဆုံးဗိုလ်လုပွဲတွင် ပ ရ မ ယ ၁ ရ ၂ စ လက်ရှိချန်ပီယံမန်ချက်စတာယူနိုက်တက်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအကြိုဗိုလ်လုပွဲစဉ်တွင်မန်ချက်စတာယူနိုက်တက်အသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ရန်ကုန်မြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့်လှည်းကူးမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရေတလဘောင်ကျေးရွာအုပ်စုရှိ ဘားလားဖြတ်မြောင်းနှင့် မောင်ကြီးရိုးဟောင်းအဆုံသို့ ရောက်ရှိလာရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ရေတလဘောင်ကျေးရွာအုပ်စု ဘားလားဖြတ်မြောင်းမှ စိုက်ပျိုးရေများကို ရေတလဘောင်ကျေးရွာအုပ်စု၊ ဘားလားကျေးရွာအုပ်စုနှင့် ဆင်ဖုံကျေးရွာအုပ်စုရှိ လယ်မြေဧက ၉၉၁၄ဧကကို လာမည့်နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေပေးသွင်းနိုင်ရန် မောင်ကြီးရိုးဟောင်းကို ဆည်မြောင်းဦးစီးဌာနမှစက်ယန္တရားကြီးဖြင့်တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက ဘားလားဖြတ်မြောင်းမှ မောင်ကြီးရိုးဟောင်းတစ်လျှောက် အရှည်ပေ၅၅၀၀ တူးဖော်ပြီး ၎င်းမှဆက်၍ ကန်ညီနောင်ရိုးဟောင်းတစ်လျှောက် စုစုပေါင်းအရှည်ပေ ၂၅၅၀၀တူးဖော်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ရေတလဘောင်ကျေးရွာအုပ်စု၊ ဘားလားကျေးရွာအုပ်စုနှင့် ဆင်ဖုံကျေးရွာအုပ်စုရှိဒေသများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်တက်/ဆင်းလမ်းကြောင်းအောက်၌ တည်ရှိသဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ရေတော်မိုးတော် မိုးစပါးနှင့်နွေစပါး ကွက်လပ်မကျန် စိုက်ပျိုးနိုင်ရန်အတွက် မိုးမကျမီ ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် လှည်းကူးမြို့နယ် ရေတလဘောင်ကျေးရွာအနီး လယ်သမားကြီးဦးဖေလှိုင်၏ နွေစပါးဧက ၂၀၀ ၌ လူအား၊ စက်အားဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုများကို လည်းကောင်း၊ ခြွေလှေ့ပြီးမနောသုခစပါးနှင့် စေတနာ(၁)စပါးများ နမူနာပြသထားမှုများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

ကျယ်ကျယ်ပြန့်ပြန့်ပညာပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား လှည်းကူးမြို့နယ်ရှိ လယ်သမားများအား နွေစပါးစိုက်ပျိုးရာတွင် သတ်မှတ်ထားသည့် စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးပါက ယခုကဲ့သို့ စပါးပိုမိုထွက်ရှိမှုကို အခြားလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင်ပညာပေးရေး မှာကြားသည်။

ထို့နောက်ယာယီမဏ္ဍပ်၌လှည်းကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လှည်းကူးမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရိတ်သိမ်းနေမှု၊ လာမည့် နွေစပါးစိုက်ပျိုးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ရေသွင်းရေနုတ်မြောင်းများ တိုးချဲ့တူးဖော်ပေးရမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒေသခံ တောင်သူလယ်သမားကြီးများအား ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်စေရန် မိုးစပါး၊ နွေစပါးပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ် သီးနှံများ ၁၂လရာသီ စိုက်ပျိုးနိုင်ရန် ယခုနှစ်၌ ငမိုးရိပ်ရေလှောင်တမံရေကူပေါင်းလင်းရေလှောင်တမံနှင့် မဟူရာရေလှောင်တမံတို့ကို တည်ဆောက် ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံ တောင်သူလယ်သမားကြီးများက ဒေသဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် ကဏ္ဍများ၌ ကူညီဖြည့်ဆည်းပေးရမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်းအတွင်း ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၁၁၇၅၉ဧကကျော် စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧက ၄၆၀၀၀ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာနက ပြသထားရှိသည့် လယ်ယာ ၁၆ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဒေသခံတောင်သူလယ်သမားကြီးများ ဝယ်ယူနိုင်ရန် ပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒေသခံတောင်သူလယ် သမားများ လွယ်ကူစွာဝယ်ယူ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဧပြီ ၃ ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီ အမှတ်(၁)စက်မှုဝန်ကြီးဌာန မိသားစု၏ တတိယအကြိမ် စုပေါင်း ရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ် မင်္ဂလာအခမ်းအနားတွင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကြစဉ်။ (စက်မှု-၁)

ဟိုတယ်/ခရီး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ အပန်းဖြေသူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးမှာကြား

ရန်ကုန် ဧပြီ ၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ပင်လယ်ကမ်းခြေခရီးစဉ်ဒေသများ စည်းကမ်းကျနစွာ ဖွံ့ဖြိုးစည်ပင်သာယာရေး အတွက် ဧပြီ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ Panda Hotel၌ ကျင်းပသော အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုနှစ် မဟာသင်္ကြန်ကာလတွင် ပင်လယ်ကမ်းခြေဒေသရှိ ဟိုတယ်များသို့ လာရောက် အပန်းဖြေအနားယူကြမည့် ဧည့်သည်များ အလွန်များပြားမည်ဖြစ်ကြောင်း၊ ကမ်းခြေလှပမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို မထိခိုက်စေရန် စောင့်ရှောက်ထိန်းသိမ်းပေးရန်လိုအပ်ကြောင်း၊ ဟိုတယ်များအနေဖြင့် ဥပဒေနှင့် ညီစွန်းသော ဧည့်ဝတ်ဝန်ဆောင်မှုပြုလုပ်ပါက အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ငပလီ၊ ကမ်းသာယာ၊ ငွေဆောင်၊ ချောင်းသာနှင့် မောင်းမကန်ကမ်းခြေများ ခရီးသွားအပန်းဖြေရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရေရှည်ခိုင်မြဲရေးနှင့် ဟိုတယ်လုပ်ငန်းများ စည်းကမ်းစနစ်ကျစွာ ဖွံ့ဖြိုးရေး၊ ခရီးသည်များ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် စည်းမျဉ်းများ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေ့ရွာ စာပျိုးခင်း စာပေဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

အမေ့ရွာစာပျိုးခင်း စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ကန်တော်ကြီးရှိ ကရဝိက်နန်းတော်ဥတ္တရဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အမေ့ရွာစာပျိုးခင်း စာပေဆု ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမေ့ရွာစာပျိုးခင်းအလှူရှင် ဦးခင်မောင်ဝင်း၏ မိသားစုများ၊ အမေ့ရွာ စာပျိုးခင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ စာပေအသိုက်အဝန်းမှ စာပေပညာရှင်များ၊ စာပေမြတ်နိုးသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆောင်ရွက်ပြီးမြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌကိုယ်စား အမေ့ရွာစာပျိုးခင်း စာပေဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က အမေ့ရွာစာပျိုးခင်း စာပေဆုဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်၍ အမေ့ရွာစာပျိုးခင်း စာပေဆုများကို ချီးမြှင့်ရာ အမေ့ရွာစာပျိုးခင်း စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်ဦးသော်ကောင်းက ဆုရစစ်ညောင်းတာရှည်မြန်မာပြည်စာအုပ်ကို ရေးသားသူဦးစံလွင်(စာရေးဆရာတောင်ခိုး)အားလည်းကောင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က ဆုရ 'ဖော်မဲ့လျှောက်လှမ်းခရီးကြမ်း' စာအုပ်ကိုရေးသားသူ ဒေါက်တာ ခင်ဇော်(စာရေးဆရာ နိုင်ဇော်)ကိုယ်စား ဇနီးဖြစ်သူ ပါမောက္ခ ဒေါက်တာ ကေသီထွန်းအား လည်းကောင်း၊ အမေ့ရွာစာပျိုးခင်းစာပေဆုရွေးချယ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ကျော်စိန် က ဆုရ သဘာဝသမားတော် စာအုပ် ကို ရေးသားသူ ဦးခင်မောင်စိုး (စာရေးဆရာမောင်သာမည)ကိုယ်စား စာအုပ်ထုတ်ဝေသော ထွန်းဖောင်ဒေးရှင်း ဒါရိုက်တာအဖွဲ့ဝင် ဦးနေဝင်းအားလည်းကောင်း၊ အငြိမ်းစား ပါမောက္ခ ဆရာမကြီး ဒေါ်ပိုက ဆုရ 'မြန်မာအားကစားကမ္ဘာလွှမ်းအောင် နိမိတ်ဆောင်သူ ဒေါ်မိမိခင်' စာအုပ်ကိုရေးသားသူ ဦးလှမောင်(စာရေးဆရာ အောင်ချိန်ဘွား)အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။

ယင်းနောက် ဆုရစာရေးဆရာကြီးများကိုယ်စား ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်(စာရေးဆရာ တောင်ခိုး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ထို့နောက် အမေ့ရွာစာပျိုးခင်း စာပေဆုရွေးချယ်ရေးအဖွဲ့ဝင် စာရေးဆရာကြီးများကိုယ်စား ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)အား အမေ့ရွာစာပျိုးခင်း အလှူရှင် ဦးခင်မောင်ဝင်း၏ အစ်မဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်းက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်မြို့သို့ လာရောက်၍ စာပေဟောပြောခဲ့သော အမျိုးသားစာပေဆုရ စာရေးဆရာကြီးများအား ကျိုက်ထော်မြို့ အမေ့ရွာစာပျိုးခင်းစာကြည့်တိုက်ကော်မတီနာယက ဦးမြင့်ဦးက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင်များက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်မြို့ အမေ့ရွာစာပျိုးခင်းစာကြည့်တိုက်သို့ စာအုပ်၊ ပရိဘောဂနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး အမေ့ရွာစာပျိုးခင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာငွေးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၄-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသင်္ကြန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၅။ မြန်မာသင်္ကြန်
၄:၄၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Income and Expenditure Account (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ မြန်မာ့ရှုခင်း
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၆:၄၅ ၁၅။ မေးမြန်းစူးစမ်း
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"**(အပိုင်း-၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၄)

အမှတ်(၁၇၁) ကုန်ဈေးတန်းလမ်း (၆)ရပ်ကွက်ပုဇွန်တောင်နေ ဦးကောက်ဝေနှင့် မိခင်ဒေါ်မိမွေ(ခ)ဒေါ်ကြည်အား ရည်စူး၍ ဦးအေးသောင်း၊ ဦးချမ်းသာ(ချမ်းသာကြီးကဖီး) မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)အပိုင်း သဃ်္ဃန်းကျွန်းရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ နာရေးကူညီမှုအသင်းမှ ဒုတိယဥက္ကဋ္ဌဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က-ပ)

✻ ကျောဖုံးမှ

ထို့ကြောင့် ပြည်သူချစ်သော အနုပညာရှင်များ၏ တာဝန်သည် သာမန်ပြည်သူများ၏ တာဝန်ထက် ပိုမိုကြီးမား ကျယ်ပြန့်လာပေသည်။ အနုပညာရှင်များသည် ပြည်သူများ၏ အားပေးချီးမြှောက်မှုကို ခံယူရင်း မိမိတို့ အနုပညာဖြင့် ပြည်သူများအပေါ် စိတ်ရင်း စေတနာမှန်ဖြင့် ထာဝစဉ် အလုပ်အကျွေး ပြုကြရသည်။ အနုပညာရှင်များ လက်တွေ့ ဖော်ထုတ်တင်ပြလိုက်သောအနုပညာခံစားမှုများသည် ပြည်သူများအတွက် မှန်ကန်ထိရောက်သည့် ခံစားမှုမျိုးသာ ဖြစ်ရမည်ဖြစ်ပေသည်။

မကြာမီပြည်သူတစ်ရပ်လုံးသည် အနုပညာရှင်များနှင့်အတူ အတာ ရေသဘင်ပွဲတော်ကိုပါဝင်ဆင်နွှဲကြမည် ဖြစ်သည်။ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များသည် ပြည်သူများကို မှန်ကန်ထိရောက်သည့် ခံစားမှုမျိုး၊ ယဉ်ကျေးမှုမျိုးကို ပေးနိုင်စေရန် လိုအပ်ပေသည်။

မြန်မာ့အလင်း သတင်းစာတိုက်မှ သတင်းဆောင်းပါး ရေးသားရေးအဖွဲ့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ သွားရောက်ပြီး သင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ ဆောင်ရွက်မှုအစီအစဉ်ကိုသိရှိရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ကိုယ်စားပြု ပြန်ကြားရေးမှူး ရုပ်ရှင်သရုပ်ဆောင် ဦးထူးသာကို တွေ့ဆုံမေးမြန်းခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင် ဦးထူးသာက–

"၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်မှာ ရုပ်ရှင်အစည်းအရုံးဝင်များအနေနဲ့ သရုပ်ပျက် အဝတ်အစားများ မဝတ်ဆင်ကြဖို့ နှိုးဆော်စာများ ပေးပို့မေတ္တာရပ်ခံထားပါတယ်။ ပြည်သူချစ်သော အနုပညာရှင်များဟာ ယနေ့လူငယ်လူရွယ်များအတွက် စံပြရှေ့ဆောင် ဖြစ်ပါတယ်။ ယနေ့ လူငယ်လူရွယ်တွေ အတုယူ မမှားကြရအောင် မိမိတို့ရဲ့ ဝတ်စားဆင်ယင်မှုများကို သတိပြုဝတ်ဆင်ကြရန် တိုက်တွန်းနှိုးဆော်ထားပါတယ်"

ဟု ပြောကြားခဲ့သည်။

ရုပ်ရှင်အနုပညာရှင်များသည် ခေတ်၏ရှေ့ဆောင်နမူနာစံပြများပင် ဖြစ်သည်။ အနုပညာရှင်များသည် ခေတ်မီလှပအောင် ဝတ်ဆင်ကြသည် ဆိုသော်လည်း ခေတ်ကိုအမီလိုက်၍ မြန်မာ့ယဉ်ကျေးမှုနှင့်မဆီလျော်သော လွန်ကျူံသည့်ဝတ်စားဆင်ယင်မှုမျိုးကို ရှောင်ရှားကြရန်သာ ဖြစ်ပေသည်။ အနောက်တိုင်းယဉ်ကျေးမှုများလွှမ်းမိုးလာမှုတို့ကိုလည်း ကာကွယ်ကြရမည် ဖြစ်ပေသည်။

ယနေ့လူငယ်လူရွယ်များ အတုယူမမှားကြစေရန်သရုပ်ပျက်ဝတ်စားဆင်ယင်သီဆိုဖျော်ဖြေမှုများကို ရှောင်ရှားပြီး ယဉ်ကျေးသိမ်မွေ့သော မြန်မာ့အတာသင်္ကြန် ရေသဘင်ပွဲတော်တွင် ပျော်ရွှင်စွာ ဆင်နွှဲကြရန်ဖြစ်ပေသည်။ သို့မှသာ သိမ်မွေ့သန့်စင်မွန်မြတ်သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန် အစဉ်အလာပွဲတော် တစ်ခုအဖြစ်သို့ ရောက်ရှိမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်တွင် အမေများအဖွဲ့ (ရုပ်ရှင်သရုပ်ဆောင်များ)က ရိုးရာမပျက် ဤသို့တင်ဆက်ခဲ့ကြသည်။ (ဓာတ်ပုံ-မြန်မာ့အလင်း)

"ရုပ်ရှင် အနုပညာရှင်များဟာ လူငယ်လူရွယ်တွေရဲ့ စံပြရှေ့ဆောင်ဖြစ်ပါတယ်"

ဦးထူးသာ
(ပြန်ကြားရေးမှူးမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)

၁၃၆၄ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်တွင် ရိုးရာယဉ်ကျေးမှုကို ပေါ်လွင်စေသည့် တေးသီချင်းများဖြင့် သမီးငယ်လေးများက ယိမ်းကဖျော်ဖြေခဲ့ကြသည်။ (ဓာတ်ပုံ-မြန်မာ့အလင်း)

မြန်မာ့ရိုးရာရေသဘင်ပွဲတော်တွင် အမျိုးသမီးငယ်လေးများက မြူးမြူးကြွကြွယိမ်းအကဖြင့် ဤသို့ကပြဖျော်ဖြေခဲ့ကြသည်။ (ဓာတ်ပုံ-မြန်မာ့အလင်း)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ – ထောင် (၁)နှစ်
၂။ ကစားသူ – ထောင် (၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ – ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သ တိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချ ပြုလုပ်၍ ရသည့်ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ် ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။
၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။
၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စကား)များအား ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများလျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့်(Taxi)အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှုမရှိသေးကြောင်းတွေ့ရှိပါသဖြင့် ယာဉ်တိုက်မှု မဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့် ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဝံသာနုသတင်းလွှာဖြန့်ချိ

ရန်ကုန် မေ ၄

၂၀၀၄ခုနှစ် မတ် ၂၀ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်–နမ့်စန်ရထားလမ်းပေါ်ရှိ မိုင်းစိတ်–ကောင်ဆိုင်းနှင့် ပြင်သာယာ–ထီရိရထားလမ်းများ ဖွင့်လှစ်ပွဲ အခမ်းအနားမှ ဒေသခံပြည်သူတို့၏ အပျော်ပုံရိပ်များ မျက်နှာဖုံးဖြင့် "ဝံသာနု" သတင်းလွှာ အတွဲ(၁၃) အမှတ် (၇) ကို ယနေ့ထုတ်ဝေလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

"ဝံသာနု"သတင်းလွှာတွင် ရေမြင်းမူလမျိုးနွယ် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သစ်ခိုးထုတ်ယာဉ်များနှင့်သစ်ခိုးသမားများ၊ အထီးနှင့်အမ နှစ်ဘဝပြောင်းတတ်သော အိမ်မွေးကြောင်၊ ဒီဇယ်သူခိုးများ သောင်းကျန်းလွန်း၍ ပစ်ခတ်ဖမ်းဆီး၊ တရားမဝင်ကာရာအိုကေဆိုင်မှ ဆိုင်ရှင်နှင့် မိန်းကလေးများအရေးယူ၊ စက်တပ်သမ္ဗန်နစ်မြုပ်၊ ကိုရီးယားမှာ အလုပ်ရမယ်ဆိုပြီး ငွေခုနစ်သိန်း လိမ်ယူသူ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် တရားမဝင် ဒိုင်နာကြားကား တိမ်းမှောက်၊ စမ်းချောင်းမှ တရားမဝင်ခိုးကူးဗွီစီဒီခေတ်ပြားများ၊ မော်လမြိုင်မှ တရားမဝင် ဗွီစီဒီခေတ်ပြားရောင်းချသူများဖမ်းဆီးစသော ပြည်တွင်းသတင်းများနှင့် လူမှုဒုက္ခကပ်ဆိုးများမှ ရုန်းထွက်လွတ်မြောက်ခြင်းမရှိသေးသော တောင်အာဖရိကနိုင်ငံအချို့၊ မျှော်လင့်ချက်အလင်းရောင် ဆိတ်သုဉ်းနေသော အီရတ်ပြည်သူတို့ဘဝ၊ ကမ္ဘောဒီးယားနိုင်ငံမှ ကလေးမှောင်ခိုကုန်ကူးမှုပြဿနာ၊ အယ်လ်ကေဒါအကြမ်းဖက်သမားများအား အပြင်းအထန်နှိမ်နင်းနေသော ပါကစ္စတန်တပ်ဖွဲ့များ၊ မယ်ထိုင်းစကြဝဠာ ၂၀၀၄ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲ နောက်ဆုံးနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် မေ ၄

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာ ပြိုင်ပွဲပြပွဲကျင်းပရေး ကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နောက်ဆုံးနေ့အဖြစ် ဆက်လက်ပြသရာ အဆိုပါ ပြပွဲသို့ ရဟန်းရှင်လူ၊ ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၅၀၀ကျော် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်း မေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ် ကျင်းပပေးပြီးဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။ **(သတင်းစဉ်)**

ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၄

ဘီးလင်းမြို့နယ် တောင်စွန်းကုဋ္ဌာသယကုန်းမြင့် ဝိဝေကာဝါသကျောင်းတွင် ပထမအကြိမ် ခုနစ်ရက်တရားစခန်းပွဲကို မေ ၁၁ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆရာတော် ဦးတိက္ခ(ဓမ္မာစရိယ) က ဟောပြောပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူယောဂီများသည် မေ ၁၁ရက်ညနေအရောက်ကြွရောက်ကြပါရန်နှင့် အရဏ်ဆွမ်း၊နေ့ဆွမ်းများ ဆက်သွယ်လှူဒါန်းနိုင်သည်။**(က–ပ)**

ကျွန်းလေးတောင်အောင်စေတီ ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် မေ ၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းတိုက်နယ် ဆံတော်ရှင် ကေလာသတောင်၏ တောင်ဘက်အနီး ကျွန်းလေးတောင် သုံးလူ့ထွတ်ခေါင် အောင်စေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ ဓမ္မပူဇော်ပွဲကို မေ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပဋ္ဌာန်းအထူးသင်တန်း ဓမ္မဒါနပို့ချမည်

ရန်ကုန် မေ ၄

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ကုမာရ ဘိဝံသ(ဗန်းမော်ဆရာတော်ကြီး) သည် ၁၃၆၆ ခုနှစ်ကဆုန်လဆန်း ၃ ရက် (မေ ၂၁ရက်)မှစ၍ (ဥပုသ်နေ့မှအပ) နေ့စဉ် ညနေ ၃နာရီမှ ညနေ ၄ နာရီအထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အဘိဓမ္မာ ရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် ပဋ္ဌာန်း(ဝေဒနာတိတ်စ–ဆုံး) အထူးပဋ္ဌာန်းသင်တန်းကို ဓမ္မဒါန ပို့ချမည်ဖြစ်ရာ ရဟန်းရှင်လူမည်သူမဆို တက်ရောက် သင်ကြားနာယူနိုင်ကြောင်းနှင့် သင်တန်း တက်ရောက်လိုသူများသည် အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီးဆူးလေစေတီတော်ရင်ပြင် ဖုန်း–၃၇၈၄၅၇ သို့ သင်တန်းမဖွင့်မီ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မတ် ၂၃ ရက်က အထက(၄) ဗိုလ်တထောင်၏ မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးတင်က စတုတ္ထတန်း(က)မှ မခင်မာလာဇော်အား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က–ပ)

ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူများဖမ်းဆီးရမိ

ရန်ကုန် မေ ၄

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မူဆယ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈နာရီခွဲတွင် နမ့်ခမ်းမြို့နယ် နောင်စံအုပ်စု ဟိုနားကျေးရွာနေ လုဖုန်ချုန်(ခ)ကျော်ထွန်း၏နေအိမ်ကို စစ်ဆေးရှာဖွေရာ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၃၀ စုစုပေါင်း အလေးချိန် ၁၀ ဒသမ ၅ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ နမ့်ခမ်းမြို့နယ် နောင်စံကျေးရွာအုပ်စု ဟိုနားရွာနေ ဦးလူရင်ရှင်၏သား လုဖုန်ချန်နှင့် ကွင်းဆက်တရားခံ နမ့်ခမ်းမြို့နယ် မန်နားကွက်သစ်နေ ဦးချောက်ယု၏သမီး မကျူးမေတို့နှစ်ဦးအား နမ့်ခမ်းရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၁၁/၂၀၀၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မေ ၄

ရန်ကုန်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကမာရွတ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် သတင်းအရ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် စံပယ်မာဃလမ်း တိုက် ၂၂၇ အခန်း ၃၀၁နေ မစိုးစိုးမြင့်၏ နေအိမ်ကိုစစ်ဆေးရှာဖွေရာ သန်းစိုးအားတွေ့ရှိရပြီး နေအိမ်အတွင်းမှဘိန်းကင်ခြောက် ၃၉ဒသမ၈၈ရမ် ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် စံပယ်မာဃလမ်း တိုက် ၂၂၇ အခန်း ၃၀၁နေ ဦးစိန်ဟန်၏သမီး မစိုးစိုးမြင့်နှင့်ကလောမြို့ (၃)ရပ်ကွက် မြို့ပတ်လမ်း အမှတ် ၃၀၀နေ ဦးစံအေး၏သား သန်းစိုးတို့နှစ်ဦးအား ကမာရွတ်ရဲစခန်းက မူးယစ်ဆေးဝါးပထမသတင်းပေးတိုက်ချက်အမှတ် ၆/၂၀၀၃ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်တွင် ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံးက တရားခံ မစိုးစိုးမြင့်နှင့် သန်းစိုးတို့နှစ်ဦးအား မူးယစ်ဆေးဝါး ရောင်းချမှု ပုဒ်မ ၂၀ (က)အရ အလုပ်နှင့်ထောင်ဒဏ် (၂၅) နှစ်ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ မင်္ဂလာသုခလမ်း၊ အမှတ် ၇၀၊ အခန်း ၂၀၁ နေ
(ဗိုလ်မှူးပေါ်ခန့်)(ငြိမ်း)–ဒေါ်ညိုညိုခင်တို့၏သား

ဗိုလ်မှူးညွန့်ဝင်း B.Sc(D.S.A)

နှင့်

မြိတ်မြို့၊ ကံဖျားရပ်၊ ဘုရားကိုးဆူလမ်း၊ အမှတ် ၂၅ နေ
ဦးစံရည်–ဒေါ်တင်တင်တို့၏ သမီး

ဒေါက်တာခိုင်ခိုင်ရည် B.D.S(Ygn.)

တို့၏ ၄-၄-၂၀၀၄ရက်နေ့ Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်ချုပ်သန်းဦး(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်သန်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာဦးဘမြင့်နှင့်ဇနီး ဒေါ်ခင်စန်းထွေးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ လက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးညွန့်ဝင်း–ဒေါက်တာခိုင်ခိုင်ရည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ကျွန်တော် မောင်စိန်သန်းဝေနှင့် ကျွန်မ မရည်လဲ့မွန်တို့၏ ၄-၄-၂၀၀၄ ရက် Sedona Hotel၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာ ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်သည့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်စိန်သန်းဝေနှင့် မရည်လဲ့မွန်။

မင်္ဂလာဦးဆုတောင်းလွှာ

မောင်စိန်သန်းဝေနှင့် မရည်လဲ့မွန်တို့၏ ၄-၄-၂၀၀၄ ရက် Sedona Hotel၌ ကျင်းပသော မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် အတူတကွ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အန်တီဖြူ
ဦးဆန်းယီ+အန်တီမူ
ဦးမိုး+အန်တီမီး
ကိုကြီးသော်+မသီတာ
ကိုမြတ်ကျော်+မစန္ဒာ
ကိုအောင်မြတ်စိုး+မရွှေချောင်းနှင့်
ညီအစ်ကို မောင်နှမများ

ကြီးဌေး၊ ကြီးအေး
ဦးစံထွေး+အန်တီမော်
ဦးကျော်ကျော်လင်း+အန်တီတူး
အန်တီထွေး–ညီညီ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲများအပေါ် ကြိုတင်ခံစားကြည့်ခြင်း

ဟိန်းသန့်

ရန်ကုန် ဧပြီ ၄

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပြိုင်ပွဲများကို ဧပြီ၆ရက်နှင့် ၇ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ထိုပွဲများမှနေ၍ အကြိုဗိုလ်လုပွဲရောက်လေးသင်းကို အတိအကျ အဖြေပေးတော့မည်ဖြစ်သည်။

ပထမအကျော့ ညှော့သည်အဖြစ် သွားကစားခဲ့ကြရစဉ်က မျက်နှာပန်းမလှခဲ့ကြသည့်ဒီပိုတီဗို၊ မိုနာကို၊ လီယွန်တို့အတွက် ယခု အိမ်ရှင်အဖြစ် တက်ကုန်ဖွင့်ကြရတော့မည်ဖြစ်သည်။ အနိုင်ရရုံသာမက လိုအပ်သည့် ဂိုးအရေအတွက်ကိုပါ မရရအောင်ကစားကြရမည်ဖြစ်ရာ ထိုအသင်းများ၏ အနေအထားက လွယ်သည်ဟု မဆိုနိုင်။ အသင်းများအနေဖြင့် အစွမ်းရှိသမျှကြိုးစားရင်းဖြင့်သာ ပြိုင်ဘက်များကို ရင်ဆိုင်ရဖွယ်ရှိနေသည်။ နောက်တစ်သင်းဖြစ်သည့် အာဆင်နယ်မှာမူ ပထမအကျော့ အဝေးကွင်းပွဲကို သရေကစားထား သည်။ ထို့အပြင် အဝေးကွင်းသွင်းဂိုးပါ ရထားသည်။ ထို့ကြောင့် အိမ်ရှင်အဖြစ် ချယ်လ်ဆီးကို ပြန်လက်ခံကစားရသည့်အခါတွင်မူ တစ်ပန်းသာနေသည်ဟု ဆိုနိုင်သည်။သို့ရာတွင် ဘောလုံး၌မဖြစ်နိုင်တာမရှိ၊ မထင်မှတ်သည့်အခြေအနေများ ဖြစ်ပေါ်နေလေ့ရှိရာ ယခုလည်းမည်သည့်အသင်းများ ဆီမီးရောက်ပြီဟု ကျိန်းသေပြော၍မရ။ ထို့ကြောင့် ချန်ပီယံလိဂ်၏ ဒုတိယအကျော့ပွဲများမှာ တစ်သင်းနှင့် တစ်သင်း အမှားမခံစတမ်းကစားကြရင်း ပရိသတ်ကို ဆွဲဆောင်နေဦးမည်မှာလည်း သေချာနေသည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ (၆/၇-၄-၂၀၀၄)

မိုနာကို-ရီးရဲမက်ဒရစ်

ပထမအကျော့ ရီးရဲကွင်း၌ ၄-၂ဖြင့် ရှုံးထားသည်။ သို့သော် အဝေးကွင်းသွင်းဂိုးနှစ်ဂိုးရထားသည်က မိုနာကိုအတွက် မျှော်လင့်ချက်ရှိနေသည်ဟု ဆိုနိုင်သည်။ မိုနာကိုမှာ ပြင်သစ်အသင်းပီပီ အိမ်ကွင်းအားကောင်းသည်။ လျင်မြန်မှုရှိသည်။ တိုက်စစ်၌ ဂိုးသွင်းနိုင်သူများရှိသည်။ ပရိဆို၊ က ယခုလိုပွဲမျိုးကို မည်သို့ကျော်ဖြတ်ရမည်ကို ရီးရဲကစားသမားများက ပို၍ ကျွမ်းကျင်နေကြသည်။ ထို့ကြောင့် ယခုပွဲကို ရီးရဲ မရှုံးအောင် ကစားနိုင်မည်ဟု ထင်သည်။

မိုနာကိုအသင်း၏ ချန်ပီယံလိဂ်အိမ်ကွင်းရလဒ်များ

မိုနာကို	၄-၀	အေအီးကေ	(အုပ်စု)
မိုနာကို	၈-၃	ဒီပိုတီဗို	(အုပ်စု)
မိုနာကို	၁-၁	ပီအက်စ်ဗီ	(အုပ်စု)
မိုနာကို	၁-၀	လိုကိုမိုးတစ်	(ဒုဆင့်ရှုံးထွက်)

ရီးရဲမက်ဒရစ်အသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းရလဒ်များ

ပေါ်တို	၁-၃	ရီးရဲမက်ဒရစ်	(အုပ်စု)
ပါတီဇန်ဗဲဂရိတ်	၀-၀	ရီးရဲမက်ဒရစ်	(အုပ်စု)
မာဆေး	၁-၂	ရီးရဲမက်ဒရစ်	(အုပ်စု)
ဘိုင်ယန်မြူးနစ်	၁-၁	ရီးရဲမက်ဒရစ်	(ဒုဆင့် ရှုံးထွက်)

အာဆင်နယ်-ချယ်လ်ဆီး

ချယ်လ်ဆီးကတော့ အာဆင်နယ်ကိုဖြိုနိုင်ရန် စိတ်အားထက်သန် နေကြသည်။ အာဆင်နယ်ကလည်း ခုတလောပွဲကျပ်များကြား အစမ်းသပ် ခံနေရချိန်ဖြစ်သည်။ ထို့ကြောင့် ဝင်းဂါးအနေဖြင့် သူ့လူများကို မှျပြီး ပွဲထုတ်နေသည်ကို တွေ့ရသည်။ အာဆင်နယ်အတွက် တစ်ပန်းသာသည်က သည်ပွဲ၌ ၀-၀ သရေကစားနိုင်ခြင်းဖြစ်သည်။ ၀-၀ သရေကစားပါက အာဆင်နယ် နောက်တစ်ဆင့်တက်၊ ချယ်လ်ဆီး ပြုတ်ကျန်ခဲ့မည်ဖြစ်ရာ ချယ်လ်ဆီးကတော့ အာဆင်နယ်ဘက် ဂိုးမရရအောင်သွင်းနိုင်ဖို့ကြိုးစားရတော့မည်ဖြစ်သည်။ သည်ရာသီ အာဆင်နယ်နှင့် ကစားသည့်

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်အဖြစ်အာဆင်နယ်နှင့် ချယ်လ်ဆီး အသင်းတို့ ပွဲတွင် အာဆင်နယ်မှ ရောဘတ်ပီရက်စ်နှင့်ချယ်လ်ဆီးမှ စကော့ပက်ကာတို့ ဘောလုံးယှဉ်လု ကစားစဉ်။
(ဓာတ်ပုံ- အင်တာနက်)

မိုရီယန်းတေးစ်၊ ဂူလီတို့မှာ ရီးရဲကို အဓိကခြိမ်းခြောက်မည့်သူများဖြစ်သည်။ ရီးရဲခံစစ်ကလည်း ခပ်ပျော့ပျော့။ သည်ကြားထဲ ဘက်ဟမ်းကလည်း မကစားနိုင်ရာ ကွင်းလယ်၌ လှုပ်ရှားမှုကောင်းကောင်းပေးနိုင်မည့်သူတစ်ဦး လျော့သွားနိုင်သည်။ဘက်ဟမ်းနေရာ၌ ဘော်ဂျာ၊ သို့မဟုတ် ကမ်ဘီယာဆို မည်သူကိုပွဲထုတ်မည်မသိ။ မည်သူ့ကို ပွဲထုတ်ထုတ် ဘက်ဟမ်းလောက် မကစားနိုင်သည်က အမှန်ဖြစ်သည်။ ခံစစ်၌ ကားလို့စ်ပြန်ကစားနိုင်ခြင်းကတော့ ရီးရဲအတွက် အားတက်ဖွယ် ဖြစ်သည်။ သို့ရာတွင် ခုတလော ရီးရဲ ခံစစ်ပွဲတိုင်း ဂိုးဂိုးများပေးနေရခြင်းက မိုနာကိုကွင်း၌ ရီးရဲတို့ အိမ်ရှင်၏တိုက်စစ်ကြောင့် ဂိုးပေးရမည်က သေချာသလောက်ဖြစ်နေသည်။ ထို့ကြောင့် ရီးရဲတို့အနေဖြင့် တိုက်စစ်အားကိုးဖြင့်သာ ရှေ့ကဂိုးတွေရအောင် ကြိုးစားနိုင်မှသာ တန်ကာကျလိမ့်မည်။ ရီးရဲ၏ အနေအထားမှာ စိတ်မချရသော်လည်း အတွေ့အကြုံချင်းကွာနေသည့်အချက်

ပွဲတိုင်းလည်း ချယ်လ်ဆီးတို့ အာဆင်နယ်ဘက်သို့ ဂိုးရအောင်သွင်းနိုင်ခဲ့သည်ကလည်း ချယ်လ်ဆီးအတွက် အားဆေးတစ်ခွက်။ ထို့ကြောင့် ယခုပွဲမှာ ချယ်လ်ဆီးက ဂိုးရရေး၊ အာဆင်နယ် ဂိုးမပေးရရေးက အဓိက ကျနေသည်။ အာဆင်နယ်တို့ ဂိုးမပေးရရေး အဓိကဟုဆိုသော်လည်း ချယ်လ်ဆီးလိုအသင်းကို ခံစစ်ဖြင့်ပိတ်ဆို့ကစားမည်ဟု မထင်။ အပြန်အလှန် တိုက်စစ်ပြန်ကစားဖို့များနေသည်။ အာဆင်နယ်၏ တိုက်စစ်မှာလည်း အားထည့်လျှင် ထည့်သလို ကောင်းလာတတ်ရာ ချယ်လ်ဆီးတို့ တစ်ချိန်လုံး ထိန်းနိုင်ဖွယ်မမြင်မိ။ ထို့ကြောင့် ယခုပွဲ၌ အာဆင်နယ်ကိုသာ ယုံကြည်ထားလျှင် ကောင်းမည်ထင်သည်။

အာဆင်နယ်၏ ချန်ပီယံလိဂ် အိမ်ကွင်းရလဒ်များ

အာဆင်နယ်	၀-၃	အင်တာ	(အုပ်စု)
အာဆင်နယ်	၁-၀	ဒိုင်နမိုကိဗ်	(အုပ်စု)
အာဆင်နယ်	၂-၀	လိုကိုမိုးတစ်	(အုပ်စု)
အာဆင်နယ်	၂-၀	ဆယ်လ်တာဗီဂို	(ဒုဆင့်ရှုံးထွက်)

ချယ်လ်ဆီး၏ ချန်ပီယံလိဂ်အဝေးကွင်းရလဒ်များ

စပါတာပရတ်	၀-၁	ချယ်လ်ဆီး	(အုပ်စု)
လာဇီယို	၀-၄	ချယ်လ်ဆီး	(အုပ်စု)
ဘက်ဆစ်တပ်	၀-၂	ချယ်လ်ဆီး	(အုပ်စု)
စတုဂတ်	၀-၁	ချယ်လ်ဆီး	(ဒုဆင့်ရှုံးထွက်)

မတ်၂၄ရက်က စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ပြုလုပ်သည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နှင့် မိုနာကိုအသင်းတို့ပွဲတွင် ရီးရဲမက်ဒရစ်မှ ရာအူးလ်ဂွန်ဇာလက်စ်နှင့် မိုနာကိုမှ ဂျူလန်ရိုဒရိုင်ဂေါ့စ် တို့ ဤသို့ ဘောလုံးယှဉ်လုခဲ့ကြသည်။
(ဓာတ်ပုံ- အင်တာနက်)

လီယွန်-ပေါ်တို

ပြင်သစ်အသင်း အိမ်ကွင်းမာသည်။ အတွေ့အကြုံလည်းရှိသည်။သို့သော် ခက်နေသည်က ပေါ်တိုကို အနည်းဆုံးနှစ်ဂိုးပြတ်ရန်လိုသလို ဂိုးပြန်မပေးရရေးကလည်း အဓိကကျနေသည်။ ထိုအချက်က လီယွန်တို့ကစားရခက်မည့်အနေအထားပင်ဖြစ်သည်။ ပေါ်တိုကတော့ ယခုတလော ခြေမှန်နေသည်။ ပထမအကျော့ အနေအထားကလည်းကောင်းနေရာ ပွဲကိုထိန်းကစားဖို့များနေသည်။ ပြီးမှ လီယွန်၏ အငိုက်ကိုချောင်းကာ အဝေးကွင်းဂိုးရဖို့ကြိုးစားလိမ့်မည်။ ထို့အပြင် ပေါ်တို၏ ပြိုင်ဘက်ကို ဆွကစားတတ်ပုံကလည်း အာရုံများနေနိုင်သည့် လီယွန်ကစားသမားများကို အခက်တွေ့အောင် လုပ်နိုင်စွမ်းရှိသည်။ လီယွန်တို့အနေဖြင့်ပွဲအစပိုင်း၌ ဂိုးရထားမှသာ အခြေအနေကောင်းနိုင်လိမ့်မည်ထင်သည်။ ပေါ်တို မနိုင်လောက်ဟု ထင်သည်။

လီယွန်၏ ချန်ပီယံလိဂ်အိမ်ကွင်းရလဒ်များ

လီယွန်	၁-၀	အင်ဒါလက်ချ်	(အုပ်စု)
လီယွန်	၁-၁	ဘိုင်ယန်မြူးနစ်	(အုပ်စု)
လီယွန်	၃-၂	ဆဲလ်တစ်	(အုပ်စု)
လီယွန်	၁-၀	ဆိုစီဒက်	(ဒု-ဆင့်ရှုံးထွက်)

ပေါ်တို၏ချန်ပီယံလိဂ် အဝေးကွင်းရလဒ်များ

ပါတီဇန်ဘဲဂရိတ်	၁-၁	ပေါ်တို	(အုပ်စု)
မာဆေး	၂-၃	ပေါ်တို	(အုပ်စု)
ရီးရဲမက်ဒရစ်	၁-၁	ပေါ်တို	(အုပ်စု)
မန်ယူ	၁-၁	ပေါ်တို	(ဒု-ဆင့်ရှုံးထွက်)

ဒီပိုတီဗို-မီလန်

ဒီပိုတီဗိုတို့ ဖောင်ဖျက်ကစားရတော့မည်။ အီတလီအသင်းတစ်သင်းကို သုံးဂိုးပြတ်အနိုင်ရရေးမှာ လွယ်တော့မလွယ်။ ထို့အပြင် ထိုအသင်းမှာ ချန်ပီယံလိဂ်၏ လက်ရှိချန်ပီယံဖြစ်နေသည့်အပြင် လက်ရှိ စီးရီးအေ၌လည်း ထိပ်ဆုံးကဦးဆောင်နေသည့်အသင်းဖြစ်သည်။ ယခုတလော ဒီပို တိုက်စစ်မှာလည်း သိပ်အကောင်းကြီးဟု မဆိုနိုင်။ သို့သော် အိမ်ရှင်ဆိုသည့် အရှိန်ဖြင့် မီလန်ကိုပွဲစကတည်းက ဖိအားပေး ကစားမည်ကတော့ သေချာနေသည်။ မီလန်အတွက်အရေးကြီးသည်က သည်ပွဲကို မပေါ့ဆရေးပင်ဖြစ်သည်။ ပြီးခဲ့သည့် စီးရီးအေပွဲအိမ်ကွင်း၌ ချီယေးဗိုးကိုကစားသွားသည့်ပုံမျိုးနှင့်ဆိုလျှင်တော့ မီလန်တို့၏ မျှော်လင့်ချက်များကို ဒီပို ရိုက်ချိုးသွားနိုင်သည်။ ဒီပို ခံစစ်ကလည်း ခုတလော နည်းနည်းယိုင်နေရာ မီလန်ကို အဝေးဂိုးမပေးရအောင်ထိန်းနိုင်ဖွယ်ရှိမရှိ သံသယဖြစ်ဖွယ်ရှိနေသည်။ ရှေ့ကဂိုးရရေး မဲနေစဉ် မီလန်တိုက်စစ်မှူးများက ဒီပို ခံစစ်ကို ဒုက္ခပေးသွားနိုင်သည့် အနေအထားမျိုးကလည်း ရှိနေသည်။ ထို့ကြောင့် ယခုပွဲ၌ ဒီပို နိုင်နိုင်သော်လည်း အကြိုဗိုလ်လုပွဲရောက်ရေးအနေအထားမှာမူ မလွယ်လှဟုထင်မိသည်။ ။

ဒီပိုတီဗို၏ ချန်ပီယံလိဂ်အိမ်ကွင်းရလဒ်များ

ဒီပိုတီဗို	၂-၀	ပီအက်စ်ဗီ	(အုပ်စု)
ဒီပိုတီဗို	၁-၀	မိုနာကို	(အုပ်စု)
ဒီပိုတီဗို	၃-၀	အေအီးကေ	(အုပ်စု)
ဒီပိုတီဗို	၁-၀	ဂျူဗင်တပ်	(ဒုဆင့်ရှုံးထွက်)

မီလန်၏ချန်ပီယံလိဂ် အဝေးကွင်းရလဒ်များ

ထန်းတပင်မြို့နယ်၌ စာတတ်မြောက်ရေးသင်တန်းဖွင့်

ထန်းတပင် ဧပြီ ၃

၂၀၀၃-၂၀၀၄ ပညာသင်နှစ် ရန်ကုန်တိုင်း စာတတ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထန်းတပင်မြို့နယ်စာတတ်မြောက်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ၁ရက်က အထကလှိုင်ရတနာခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြတ်ဝေတိုးတို့က အမှာစကားပြောကြားကြသည်။ထန်းတပင်မြို့နယ်စာတတ်မြောက်ရေးလုပ်ငန်းများကိုရက်ပေါင်း၄၀ ကြာဆောင်ရွက်သွားမည်ဟု သိရသည်။

(က-ပ)

ဒဂုံမြို့သစ်တောင်ပိုင်း ၇၁ရပ်ကွက် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ်၂၁ရက်က ကျင်းပရာ စတုတ္ထတန်းမှ မောင်ဇော်ဟိန်းထက်အားကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဆွေကမူလတန်းသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

5-4 (15).p65 1 3/24/05, 3:55 PM

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

မန္တလေး မတ် ၃၁

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး လုပ်ငန်းစီမံချက်အရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်း/ကြေးမုံ ကိုယ်ပွားသတင်းစာတိုက်နှင့် မန္တလေး အောင်မြေသာစံ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် မွန်းလွဲ ၃ နာရီက အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်လမ်း ၂၀နှင့် ၂၁လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ကိုယ်ပွားသတင်းစာတိုက်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ရှေးဦးစွာ စာတည်းမှူး ဦးမွေးကြည်က ဝန်ကြီးဌာန၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မီးသတ်ဦးစီးဌာနမှူး ဦးစိုးသန်းက လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များ စနစ်တကျထားရှိရေးနှင့် အရေးပေါ်ထားရှိသော မီးသတ်ပစ္စည်းကိရိယာများဖြင့် ရှေးဦးမီးငြိမ်းသတ်နိုင်မှု နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ကိုယ်ပွားသတင်းစာတိုက်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမြို့မြို့ အနယ်နယ် သတင်းများ

မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အလှပြင်သင်တန်းဖွင့်ပွဲကျင်းပ

မော်လမြိုင် မတ် ၂၅

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ပထမအကြိမ် အမျိုးသမီးများ အလှပြင်သင်တန်းဖွင့်ပွဲကို မတ် ၁၉ ရက်က မော်လမြိုင်မြို့၊ မြိုင်ရတနာဈေး Game City ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပထမအကြိမ် အမျိုးသမီးများ အလှပြင်သင်တန်းဖွင့်ပွဲ ကျင်းပရာ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ပထမအကြိမ် အမျိုးသမီးများ အလှပြင်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ စီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မြင့်မြင့်အေးက ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆံပင်မိတ်ကပ်အလှပြုပြင်ခြင်းတို့ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးကြသည်။

အဆိုပါ ဆံပင်နှင့် မိတ်ကပ် အလှပြင်သင်တန်းသို့ သင်တန်းသူ ၃၂ ဦး တက်ရောက်၍ သင်တန်းကာလ တစ်လဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ပရိယတ္တိသာသနာ့နုဂ္ဂဟ အာဂုံစာတော်ပြန်ပွဲဖွင့်

လှိုင်ကော် မတ် ၂၅

ကယားပြည်နယ် လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၂၀ ရက်က (၂၇)ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ အာဂုံစာတော်ပြန်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြု၍ အာဂုံစာတော်ပြန်၊ စာထောက်၊ စာမှတ် ဆရာတော် သံဃာတော်အရှင်မြတ်များနှင့် စာဖြေသံဃာတော်များ တက်ရောက်တော်မူကြပြီး ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါ အာဂုံစာတော်ပြန်ပွဲသို့ ပထမကြီး ၁၃ပါး၊ ပထမလတ် ၄၈ပါး၊ ပထမငယ် ၈၂ပါး၊ အခြေပြု ၁၃၄ပါး၊ မူလကြီး ၁၆၅ပါး၊ မူလငယ် ၂၈၈ပါး တို့ အာဂုံစာတော်ပြန်တော်မူကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ချောလမ်းများဖွင့်

ပြင်ဦးလွင် မတ် ၂၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၈) မြနန္ဒာရပ်ကွက်၊ သီရိလမ်းနှင့် နဝရတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးဝင်းမင်းသန့်တို့က အဆိုပါလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ သီရိလမ်းနှင့် နဝရတ်လမ်း ကျောက်ချောလမ်းသစ်များကို ကျပ် ၂၅၈၂၀၀၀ ဖြင့် ဆောင်ရွက်ကြသည်။ **(၂၈၀)**

မြန်မာ့အသံ

၆-၄-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်တရားတော်

နေ့လယ်ပိုင်း

- ၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (နောင်မွန်မှ ပျားလိမ္မော်)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် မင်းလက်ဝဲနော်ရထာနှင့် ဇာတိမာန်စာပေ(ညွှန့်ဟံ-ကြူတော)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (အလုပဆုံးအနာဂတ်ကို ဖန်တီးခြင်း) (ဦးဝမ်ထိန်)
- ၁၂း၂၀ ဇာတ်လမ်းပမာ (မမေ့နိုင်သောဒီသကြီန်)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာနှင့် တာသကြီန်)

ညနေပိုင်း

- ၁၆း၂၀ ကျေးလက်ဇာတ်လမ်း (စိတ်ကောက်စရာမလိုတော့ပါ)
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၁၀ ကမ္ဘာ့ဂီတ
- ၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားနှင့်အားကစားပရိသတ်) (ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
- ၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်
- ၁၈း၄၀ ခါသကြီန် ရိုးရာယဉ်ကျေးမှု စည်းကမ်းထိန်းသိမ်းရေး ဆွေးနွေးခန်း
- ၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (စုပေါင်းကာကွယ်လမ်းအန္တရာယ် ထိခိုက်မှုမှကင်းစေမယ်)
- ၂၀း၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်

မတ် ၁၉ ရက်က အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကျေးရွာချင်းဆက် မိုးကောင်း-ဝွေးကုန်း မြေသားလမ်းကို စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းဆွေနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မဟာသကြင်္ကြန်အကြို အထူးဈေးရောင်းပွဲဖွင့်လှစ်

ရန်ကုန် ဧပြီ ၄

ယခင်ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေးမှ မျက်မှန်ကျွမ်းကျင် အငြိမ်းစား ဝန်ထမ်းများ ဦးစီးဖွင့်လှစ်သည့် မြန်မာမျက်မှန်၏ မဟာကြင်္ကြန်အကြို အထူး ဈေးရောင်းပွဲ ဖွင့်ပွဲကို ဧပြီ ၁ ရက် နံနက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ(အလယ်)လမ်းရှိ မြန်မာမျက်မှန်အရောင်းခန်းမ၌ ကျင်းပရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ကြပြီး မျက်မှန်ပညာရှင်ဦးနီက အထူးဈေးရောင်းပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

မြန်မာမျက်မှန်၏ မဟာသကြင်္ကြန်အကြို မျက်မှန်နှင့် မျက်မှန်ပစ္စည်းများ အထူးဈေးရောင်းပွဲကို ဧပြီ ၁ ရက်မှစ၍ ဧပြီ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လာရောက်ဝယ်ယူအားပေးသူများကို မဟာကြင်္ကြန်အထူး လက်ဆောင်များနှင့် တစ်နှစ်အတွင်း ဝယ်ယူမည့် ကုန်ဝယ်ပေါ် ပြန်အမ်းငွေကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၅-၄-၂၀၀၄ (တနင်္လာနေ့)

- ❑ Cost Accounting
  - ဒုတိယနှစ်စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Health Care and Health Services
  - ဒုတိယနှစ် အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Introduction to Statistics
  - ဒုတိယနှစ် ပြည်သူ့ရေးရာကျောင်းသူ ကျောင်းသားများ
- ❑ Random Variables and Distribution Function
  - ဒုတိယနှစ် စီးပွားရေးကျောင်းသူ ကျောင်းသားများ

၆-၄-၂၀၀၄ (အင်္ဂါနေ့)

- ❑ Income and Expenditure A/C
  - ဒုတိယနှစ် စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Index Numbers
  - ဒုတိယနှစ် စီးပွားရေးကျောင်းသူ ကျောင်းသားများ
- ❑ Cost Accounting (Control of Material Cost)
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ

၇-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ The Preparation of Accounts from Single Entry or Incomplete Records
  - ဒုတိယနှစ်စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Consumer's Equilibrium
  - ဒုတိယနှစ် စီးပွားရေး ကျောင်းသူ ကျောင်းသားများ
- ❑ Macroeconomics Policy Objectives and Instruments
  - ဒုတိယနှစ်စီးပွားရေး၊ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၈-၄-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Graphical Presentation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Measurtes of Location
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Legal Forms and Business Organization
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ

၉-၄-၂၀၀၄ (သောကြာနေ့)

- ❑ Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ The Preparation of Accounts From Single Entry or Incomplete Records
  - ပထမနှစ် စီးပွားရေးကျောင်းသူ ကျောင်းသားများ

၁၀-၄-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

Thingyan. Water Festival @ Myanmar New Year
Come and enjoy our Water Festival
Thingyan Holiday Packages available right now!
(Inbound Program Only)

* Chiang Mai/Bangkok/Singapore-Yangon-Mandalay-Yangon-Singapore/Bangkok/Chiang Mai
  - 6 Days/ 5 Nights (13th to 18th April'04)
  - 5 Days/ 4 Nights (11th to 15th April'04)
  - 3 Days/ 2 Nights (13th to 15th April'04)
* Chiang Mai-Mandalay-Yangon- Chiang Mai
  - 4 Days/ 3 Nights (15th to 18th April'04)
* For further information, please kindly contact:

Myanmar Travels & Tours (M.T.T)	Union of Myanmar Travel Association	Myanmar Hoteliers' Association

MINIBUS,HIACE,TOWNACE

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှကြည် နိုင်ငံသားစိစစ်ရေးကတ် ၁၂/စခန(နိုင်)၀၀၈၂၄၇၊ ဒေါ်ကျင်ရွှေ နိုင်ငံသားစိစစ်ရေးကတ် ၁၂/စခန(နိုင်)၀၀၈၂၄၆ တို့၏သမီးဖြစ်သူမစိုးမိုးအောင်နိုင်ငံသားစိစစ်ရေးကတ် ၁၂/စခန(နိုင်)၀၀၈၂၄၅ သည် မိဘများ၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲမိဘနှင့်မောင်နှမသားချင်းများ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် လုပ်ရပ်များကို ပြုခဲ့သည့်အတွက် ၁-၁၀-၂၀၀၃ ရက်နေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

ညွှန်ကြားချက်အရ-

ဒေါ်လှဲလှဲဝင်းဟန်(L.L.B)
တရားရုံးချုပ်ရှေ့နေ(၆၁၆၃)
အမှတ် ၃၄၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ရွှေထူးလှိုင် ဘုရားပုံဆောင်ရေး

T.Z.K CO., LTD. မှ ဝန်ထမ်းအလိုရှိသည်

သင်္ကြန်ပွဲတော်အတွက်

MUSIC ONE (B) မှ

တီးဝိုင်းပစ္စည်းစုံနှင့် ရေပက်မဏ္ဍပ်သီချင်းဖွင့် D.J Mixer များ၊ ခေတ်ပြား D.Jစက်များ ချိုသာသောနှုန်းထားဖြင့် ငှားရန်ရှိသည်။

စုံစမ်းရန် – အမှတ် ၉၉၊ ၉၄ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။ ဖုန်း-၂၄၂၁၆၈၊ ၂၉၃၇၈၇

ကုန်အမှတ်တံဆိပ် သတိပေးတားမြစ်ချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း (၇)မိုင်၊ ဦးကျော်လှလမ်း၊ အမှတ် (၈) ဘီနေ ဒေါက်တာကိုကိုကြီးမှ စရဏ (SARANA)အိမ်သုံးဆေးဝါးများ (House hold Medicines) လုပ်ငန်းအမည်ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ကုန်အမှတ် တံဆိပ် အမှတ်အသားမှတ်ပုံတင်အမှတ် ၄/၂၀၈၉ (၃-၁၁-၁၉၈၉) အရလည်းကောင်း၊ မှတ်ပုံတင်အမှတ် ၄/၁၅၂၆ (၁၀-၇-၁၉၉၀) အရလည်းကောင်း အောက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားနှင့် အမည်ကို တရားဝင်မှတ်ပုံ တင်သွင်းထားပြီးဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသား စရဏ(SARANA) အိမ်သုံးဆေးဝါးများ (House hold Medicines)လုပ်ငန်းအမည်ဖြင့် အနောက်တိုင်းဆေးဝါးနှင့် မြန်မာ့တိုင်းရင်းဆေးဝါး အမျိုးမျိုးကို ၁၉၈၈ခုနှစ်ခန့်ကတည်းက ထုတ်လုပ်၍ မြန်မာနိုင်ငံတဝန်းလုံးသို့ တိုက်ရိုက်သော် လည်းကောင်း၊ အရောင်းကိုယ်စားလှယ်ဆိုင်များမှ တစ်ဆင့်သော်လည်းကောင်း၊ လက်လီလက်ကား ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် နိုင်ငံခြားဆေးဝါးနှင့် မြန်မာ့တိုင်းရင်းဆေးဝါး အမျိုးမျိုး ဆက်လက်ထုတ်လုပ်ဖြန့်ချိရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ မြန်မာတိုင်းရင်း ဆေးနှင့် ဆေးပစ္စည်းပြပွဲ စတင်ပြုလုပ်စဉ်ကတည်းက စရဏအိမ်သုံးဆေးဝါးလုပ်ငန်းအမည်ဖြင့် နှစ်စဉ်ပါဝင်ပြသရောင်းချခဲ့ပါသည်။

သို့အတွက် ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသား အမည်ကို မိုင်ငြမ်းပြုကာ အတုအပ ပြုလုပ်ခြင်း၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ ဆင်တူယိုးမှားသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသွယ်ဝိုက် အသုံးပြုခြင်းသော် လည်းကောင်း၊ ဆေးဝါးထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့မှုကြောင့် မူလထုတ်လုပ်ဖြန့်ချိသူ၏ အကျိုးစီးပွားများထိခိုက်နစ်နာမှုများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာတရားရုံးများတွင် ပြစ်မှုကြောင်းအရသော် လည်းကောင်း၊ တရားမကြောင်းဆိုင်ရာ ဥပဒေအရသော်လည်းကောင်း၊ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စရဏအိမ်သုံးဆေးဝါးများ (SARANA) (House hold Medicines) လုပ်ငန်း၏

ညွှန်ကြားချက်အရ-

ဦးချစ်လှိုင် (B.Sc., H.G.P.,R.L)တရားရုံးချုပ်ရှေ့နေ
အမှတ် ၆၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း -၃၇၂၃၃၀

အမြန်အလိုရှိသည်

SKY

- BASIC ELECTRICIAN COURSE
- PRACTICAL MARINE ELECTRICAL KNOWLEDGE
- A.C SINGLE PHASE MOTOR
- SPECIAL COURSES

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး၊တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် (၁၈၃)

၁။ အာရှနေဘဏ်လီမိတက် ၁ ။
ဦးအောင်စိုးကျော်
(၎င်းကိုယ်စား-ဦးစန်းတင့်အောင် ၂။ ဒေါ်အေးအေးသင်း
မန်နေဂျာ)(ကဒ်၄ာန) နှင့်
အာရှနေဘဏ် လီမိတက်(ရုံးချုပ်)

တရားလို

တရားပြိုင်များ

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊၃၈လမ်း၊အိမ်အမှတ် ၂၂၅၊ (တတိယ) ထပ်နေသူ ဦးအောင်စိုးကျော်(ယခုနေရပ်လိပ်စာမသိသူ)နှင့်ကမာရွတ်မြို့နယ်၊ အမှတ်၄၃၇၊ပြည်လမ်း၊ (ဆန်းမားပဲရစ်ဟိုတယ်)နေသူ ဒေါ်အေးအေးသင်း (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင့်တို့အပေါ်၌ တရားလို အာရှနေဘဏ်လီမိတက်၊ ကဒ်၄ာနမှ ငွေ ၈၂၆၃၅၄ ကျပ် ၈၅ပြား ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ရက်(၁၃၆၆ခုနှစ် ကဆုန်လဆန်း၂ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် အထက် အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ချေပရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင့်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က ကြိုတင်တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဟန်ဇာထွန်း
တွဲဖက်တိုင်းတရားသူကြီး(၃)

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ လိမ္မော်ဇင်လမ်း၊ အမှတ် ၁၇-အေ နေ(ဘ) ဦးသောင်းကြည်၏သား ဦးမင်းဉာဏ် ၁၀/ခဆန(နိုင်)၀၁၉၉၁၅ ၏ လွှဲအပ် ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်၏အမှုသည်နှင့် ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ(ဘ)ဦးခွင့်၏ သမီး မအေးစိန် ၁၀/ရမန(နိုင်)၀၀၃၃၅၇ တို့သည် လွန်ခဲ့သော (၁၃) နှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သမီးစမ်းရည်နန္ဒာမင်း (၉)နှစ်နှင့် နွေးထက်ထက်အောင် (၅)နှစ်တို့ ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်အမှုသည် သည် လင့်ဝတ္တရားနှင့်အညီ ရိုးသားကြိုးစားရှာဖွေ၍ ဇနီးနှင့်သမီးတို့အား ပြုစုစောင့်ရှောက်ထားသော်လည်း မအေးစိန်သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်သွားပြီး ခင်ပွန်းနှင့် လူမမည် သမီးနှစ်ဦးတို့အား အကြောင်းမဲ့ စွန့်ပစ်၍ ရွှေငွေရတနာပစ္စည်းများ ယူဆောင်ကာ နေအိမ်မှ မိမိသဘောအလျောက် ဆင်းသွားခဲ့ပါသည်။ သို့ဖြစ်၍ မအေးစိန်သည် ဤကြော်ငြာသည့်နေ့မှစ၍ ကျွန်ုပ်၏အမှုသည်နှင့် လုံးဝသက်ဆိုင်မှု မရှိကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – **ဦးခင်အောင်**
LL.B, H.G.P,D.B.L
တရားရုံးချုပ်ရှေ့နေ
(၇၅) ၂ လမ်း၊ ရဲဘော်ကုန်းရပ်၊ မော်လမြိုင်မြို့.
ဖုန်း-၀၅၇ ၂၃၃၅၇

အများသိစေရန်ကြေညာချက်

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ နတ်မောက်လမ်းသွယ် (၁)နေ
ပါမောက္ခ ဦးကိုဝင်း(ပါမောက္ခ၊ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ဆေးတက္ကသိုလ်-၂(ငြိမ်း)-
ဒေါ်မြင့်မြင့်အေး
တို့၏သားငယ်
ဒေါက်တာနိုင်ဝင်း
M.B.,B.S,M.Med. Sc(O-G) Final Year
ဗဟိုအမျိုးသမီးဆေးရုံကြီး
နှင့်
ရန်ကုန်မြို့ ပါရမီလမ်းနေ
ပါမောက္ခ ဦးသိန်းအောင်(ပါမောက္ခ၊ဌာနမှူး၊ကလေးကျန်းမာပညာဌာန၊ဆေးတက္ကသိုလ်-၁)-
ဒေါ်အယ်(လ်)နာသိန်း
တို့၏သမီးဦး
ဒေါက်တာနှင်းသူဇာအောင်
M.B.,B.S, M.Med.Sc(Paediatrics) Second Year
ကလေးဆေးရုံကြီး

တို့၏ ၂၈-၃-၂၀၀၄ရက်နေ့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်များ၊ မင်္ဂလာ အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ပါမောက္ခ ဦးမောင်မောင်ဝင့်(ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာ ဦးစီးဌာန)နှင့် ဇနီး ဒေါ်လှဲ့လှဲ့ယု၊မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ပါမောက္ခ ဦးမျိုးမြင့်(ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၁၊ရန်ကုန်)နှင့်ဇနီး ပါမောက္ခဒေါ်တင်တင်အောင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မျိုးသူဇာအောင်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမလေး နှင်းဦးလွင်၊ မင်္ဂလာသတို့သားအရန် ဒေါက်တာM.Jack နောင်းဆန်းနှင့် ဒေါက်တာဥက္ကာအေးမင်း၊ မင်္ဂလာသတို့သမီးအရန် ဒေါက်တာဟန်နီနှင့် ဒေါက်တာခင်ခင်မြင့်တို့အားလည်းကောင်း၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများနှင့် ၂၆-၃-၂၀၀၄ရက်နေ့ ပါရမီလမ်းနေအိမ်၌ ကျင်းပသော ထိမ်းမြားမင်္ဂလာအခမ်းအနားသို့လည်းကောင်း၊ ၂၉-၃-၂၀၀၄ ရက်နှင့် ၃၀-၃-၂၀၀၄ရက်နေ့တို့တွင် ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲ အခမ်းအနားများသို့ ကြွရောက်ချီးမြှင့်ပေးပါသော သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာနိုင်ဝင်း-ဒေါက်တာနှင်းသူဇာအောင်။

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁ လမ်းနှင့် ကျုံးကြီးလမ်းထောင့်၊ အမှတ် (၂၂၁/၂၂၃) နေ ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးစိုင်းအောင်ထွန်း ၁၃/ တခလ(နိုင်) ၀၃၉၂၁၂ သည် အောက်တွင်ဖော်ပြထားသော (၁) "DG"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၁၇၃၇/၂၀၀၄ ဖြင့်လည်းကောင်း၊ (၂) "YUKI" ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၁၇၃၆/၂၀၀၄ ဖြင့်လည်းကောင်း မိမိတစ်ဦးတည်း မူပိုင်အဖြစ် တရားဝင်သုံးစွဲအသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသား "နှစ်မျိုးဖြင့် "ကိုယ်တိုက်ဆပ်ပြာ၊ အမွှေးခဲ၊ ဆပ်ပြာကရင်၊ ဆပ်ပြာအဆီ၊ ဆပ်ပြာအမှုန့်၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ပေါင်ဒါ၊ ရေမွှေး၊ သွားတိုက်ဆေး၊ ချွေးနံ့ပျောက်ဆေး အစရှိသော လူသုံးကုန်၊ အလှကုန်ပစ္စည်း အမျိုးမျိုးတို့ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းအမျိုးမျိုးကို ထည့်သွင်းအသုံးပြုသော ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပုတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ အဆိုပါကုန်ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ အထက်ပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားတစ်ခုခုကို အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

ထို့ပြင် အဆိုပါကုန်အမှတ်တံဆိပ် အမည် အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ လက်ကမ်းကြော်ငြာစသည့် ကြော်ငြာအမျိုးမျိုး၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံးအစရှိသည်တို့တွင်လည်း ဦးစိုင်းအောင်ထွန်းက တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုင်းအောင်ထွန်းတစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်ထားသော အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသား နှစ်မျိုးကို မည်သူမဆို သီးခြားတစ်မျိုးစီကိုလည်းကောင်း၊ ပူးတွဲ၍လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ပုံတူကူး၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားစွဲဆိုအရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ယု
(ဦးစိုင်းအောင်ထွန်း၏ တရားရုံးချုပ်ရှေ့နေ)
အမှတ် (၂၉)၊ ၄-လွှာ၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်နိုင်ပါသည် ဝါးခယ်မမြို့ ကွမ်းရင်စီစေတနာဆေးခန်းတွင် အီးစီဂျီ၊ အမ်ထရာဆောင်း၊ ဓာတ်မှန်ဓာတ်ခွဲခန်းများ အဆင်သင့်ရှိပါသည်။ စိတ်ပါဝင်စားလုပ်ကိုင်လိုသော ဒေါက်တာများ အောက်ပါ ဖုန်းနံပါတ်များဖြင့် ဆက်သွယ်နိုင်ပါသည်။ **၀၁-၄၄၈၂၄၁၇၊၀၁-၄၄၈၂၄၁၈၊၀၄၅-၂၁၃၂၉**

ဦးတင်စိုး အပါအဝင်အများသိစေရန်သတိပေးကန့်ကွက်ခြင်း

၈-၃-၂၀၀၄ ရက် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လမ်း ၃၀ ရှိ တိုက်အမှတ် ၂၁၉ နှင့်၂၂၁ အထပ် သုံးထပ်၊ အခန်း ၁၂ ခန်းပါအဆောက်အအုံနှင့်အကျိုး ခံစားခွင့်အရပ်ရပ်သည် ဒေါ်ကြည်နုနှင့်သားသမီး ခုနစ်ဦးပိုင်ဆိုင်ကြပါသည်။ ဦးစန်းလွင် (ဘ) ဦးမိုဟာမက်မှိုင်ဒင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဥကတ(နိုင်) ၁၃၅၁၆၁ ကိုင်ဆောင်သူ အပါအဝင် ကျန်အိမ်ခန်းများ၌ နေထိုင်သူများမှာ ငှားရမ်းနေထိုင်သူများသာဖြစ်၍ ပိုင်ဆိုင်သူမဟုတ်ပါ။ သို့ဖြစ်ပါ၍ ဖော်ပြပါ တိုက်နှစ်လုံးနှင့်ပတ်သက်၍ ဒေါ်ကြည်နုနှင့် သားသမီး ခုနစ်ဦး၏ ခွင့်ပြုသဘောတူညီချက်မရဘဲ မည်သူမဆို ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းအပါအဝင် လွှဲပြောင်းမှုတစ်ရပ်ရပ်ကို မပြုလုပ်ကြရန် သတိပေးကန့်ကွက်လိုက်သည်။ မလိုက်နာပါက ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါက်တာအောင်ကြီး၊ ဒေါ်ခင်မြမြ**
ဖုန်း-၅၃၇၃၀၅၊ ၆၄၁၄၆၈

မင်္ဂလာဦးဆုတောင်း

ဒုအရာခံဗိုလ်အောင်မျိုးဝင်း B.A (Myanmar) (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် **မမာမာအေး** B.A (History) Final year တို့၏ ၄-၄-၂၀၀၄ မင်္ဂလာဦးမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့မှုများနှင့် ပြည့်စုံနိုင်ပါစေ။

ဖေဖေ - ဦးဟန်စိန်
မေမေ - ဒေါ်ဝင်းစိန်
ကိုလေး - ကိုတင်မျိုးဟန်
ညီမ - မခင်နွယ်မျိုးဟန်



လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်-၈၆(A)၊ သူရသတီလမ်း၊ မရမ်းကုန်းမြို့နယ်နေ
နိုင်ညိမ်း-မိငွေကျင် တို့၏သားထွေး
မင်းကြည်ထွန်း Final Year (Physics)
နှင့်
ရန်ကုန်မြို့၊ ခြံအမှတ် ၁၀၇၊ အထက်ဗဟိုလမ်း၊ မရမ်းကုန်းမြို့နယ်နေ
ဦးသိန်းအောင်-ဒေါ်သိန်းကြည်တို့၏ သမီးကြီး
မအေးအေးမော်

တို့သည် နှစ်ဖက်သောမိဘများ၏ ခွင့်ပြုချက်အရ ၄-၄-၂၀၀၄ရက်နေ့၌ လက်ထပ်ပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မင်းကြည်ထွန်း-မအေးအေးမော်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ဖြန့်ချိရေး ကျား/မ ၁၀ ဦး

လျှောက်ထားသူသည် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ လေဘာမိတ္တူ၊ ကာလာလိုင်စင်ဓာတ်ပုံ လေးပုံနှင့်အတူ ၁၂-၄-၂၀၀၄ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

လျှောက်ထားရန်လိပ်စာ-
Sun & Moon (Advertisement Occupation)
အမှတ်၁၅၃၊ဝိဇ္ဇာညီနောင်လမ်း၊ ကိုးမိုင်၊ ပြည်လမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြင်ဆင်မှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၁၄ နှင့် ပုဒ်မ ၁၁၅
တရားရုံးချုပ်(မန္တလေး)
၂၀၀၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၈

ဒေါ်နန်းခင်ထွေး **နှင့်** ဒေါ်လီကွေ့ချင်(ခ)လီလောက်မေပါ+၃
အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၇၉/၂၀၀၂ ၏ အမိန့်နှင့် မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၇၉/၂၀၀၃ အမှုတွဲကို တောင်းခေါ်ပေးပါရန် လျှောက်လွှာအပေါ် ပြန်ကြားစာတင်ရန်ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း အမှတ် ၁၆၀ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) လျှောက်ထားခံရသူ အမှတ်(၁)ဒေါ်လီကွေ့ချင်(ခ)လီလောက်မေနှင့် အမှတ်(၂) ဦးမောင်မောင်ဝင်း(ခ)မောင်လောက်ချန်းတို့ သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးကံချွန်ကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-
ခင်မာကြည်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမ တရားစီရင်ရေးဌာန
တရားရုံးချုပ်(မန္တလေး)

ခရစ်တော်၌အိပ်ပျော်ခြင်း အောက်မေ့ဖွယ်
ဗိုလ်မှူး MARK ထွန်းဖေ (ရွှေဘိုမြို့)

(ဒိုင်အိုကျောင်းအုပ်ကြီး ELISHAဦးကြွယ်၏သား)သည် ခရစ်တော်၌ အိပ်ပျော်သွားသည်မှာ ၅-၄-၂၀၀၄ ရက်တွင် (၃၆)နှစ်ပြည့်သွားပြီးဖြစ်၍ ဆွေမျိုးမိတ်သင်္ဂဟများက ဝမ်းနည်းကြေကွဲစွာဖြင့် သင်၏ဝိညာဉ်အတွက် ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများ တင်သွင်းရန်
ကြေညာချက် (၂/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက် (၂၀၀၄ ခုနှစ် မတ်လ ၁၂ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အကွက်ရိုက် သတ်မှတ်ထားသော လုံးခင်း၊ဖားကန့်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များနှင့် နန့်ယားဆိပ်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅ တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ၊တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့် ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော် ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲ ပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်း မပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ် မတ်လ ၁၅ ရက်မှစ၍ အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁)တို့ တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် မတ်လ ၁၅ရက်မှ ၂၀၀၄ ခုနှစ် ဧပြီလ ၇ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှုး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဟန်စင်တဒေါ
ကထိက(ငြိမ်း)၊ ပထဝီဌာန
ရန်ကုန်တက္ကသိုလ်
အသက်(၈၁)နှစ်

အင်းစိန်မြို့၊ အမှတ်၃၈၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်နေ (ဦးစောတဒေါ-ဒေါ်ကီးရို) တို့၏သား၊ ဒေါ်အိုင်းရစ်၏ ခင်ပွန်း၊ ဦးစောဝေါလစ်တဒေါ-ဒေါ်မေပယင်းချိန်၊ ဦးဂျော့ရှူးဝါး-ဒေါ်စိမ်းစိမ်းချစ်၊ ဒေါ်နော်ရှဲဖော၊ ဦးစောစေးဝါး-ဒေါ်သီဂီဝင်း၊ ဒေါ်နော်ဂရေ့(စ်)တို့၏ ဖခင်၊ ဟိန်းမြတ်တဒေါ၊ စောအဲရစ်ချစ်ဦး၊ စောရဲမိုးမြတ်၊ ပိုင်သန့်ကိုကို၊ သက်နှင်းစုတို့၏အဘိုးသည် ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ရွာမနှစ်ခြင်းအသင်းတော် မင်းကြီးလမ်း အင်းစိန်မြို့၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသိန်းအောင်
မန်နေဂျာ(ငြိမ်း)ကုန်သွယ်/ လယ်ယာ
အသက် (၆၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်၅၇၀နေ ဦးဘသောင်း-(ဒေါ်ကြွေညွန့်)တို့၏ သားကြီး၊ (ဦးစန်း-ဒေါ်ပန်းသင်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးသန်းအောင်-ဒေါ်ခင်သင်းကြည်၊ ဦးသန်းမြင့်-ဒေါ်ခင်မြိုင်၊ (ဦးစန်းသွင်)-ဒေါ်ညွန့်ညွန့်ဝင်း (အထက-၂၊ သဃ်န်းကျွန်း၊ ငြိမ်း)၊ ဒုရဲအုပ်ဆန်းထွန်း(မှူခင်းတပ်ဖွဲ့)-ဒေါ်ညွန့်ညွန့်ကြည် (ဦးစီးအရာရှိ၊ စွမ်းအင်စီမံရေးဦးစီးဌာန)တို့၏ အစ်ကိုကြီး၊ ဗိုလ်ကြီး သောင်းဦး(အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-မခင်အိအိဝင်း၊ မောင်ဇော်ဝင်းထွန်း(Royal Star Shipping Management)-မစန်းနွယ်အေး၊ မောင်အောင်ကျော်ထူး-မအေးအေးလှိုင်၊ မအေးမြင့်သန်း(Dr. Reddy's Lab)၏ ဖခင်၊ မဆုလဲ့ဝေ (TTC)၊ မောင်ရဲခန့်၊ မောင်ပြည့်ဖြိုးပိုင်တို့၏ အဘိုးသည် ၄-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် စံပြဆေးရုံကြီး သဃ်န်းကျွန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

နယူးလိုက်(ဖ်)ဖောင်ဒေးရှင်း မိဘမဲ့ကလေးစောင့်ရှောက်ရေးဂေဟာ (New Life Foundation Orphanage Centre)၏ ဥက္ကဋ္ဌ၊ မိဘမဲ့ ကလေးများ၏ ချစ်လှစွာသော ဖခင်ကြီး၊ ကျောင်းအမှုဆောင်ကော်မတီနှင့် အမှုဆောင်ဖော်၊ အမှုဆောင်ဖက်ဖြစ်သော သိက္ခာတော်ရ ဆရာတော်ကြီး ဦးအယ်(လ်)ဇော်လှိုင်(ခ) ဦးအယ်(လ်)ဇော်ဖန်သည် ၂-၄-၂၀၀၄ရက် (သောကြာနေ့)နံနက် ၉း၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နယူးလိုက်(ဖ်)ဖောင်ဒေးရှင်းမိသားစုနှင့်ကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

တိုင်းရင်းသားခရစ်ယာန်အသင်းတော်(National Christian Church)၏ ဥက္ကဋ္ဌ(စတင်သူ)၊ အဖ သင်းအုပ်ကြီးဖြစ်သော သိက္ခာတော်ရဆရာတော်ကြီး ဦးအယ်(လ်)ဇော်လှိုင်(ခ)ဦးအယ်(လ်)ဇော်ဖန်သည်၂-၄-၂၀၀၄ ရက် (သောကြာနေ့) နံနက် ၉း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းရင်းသားခရစ်ယာန်အသင်းတော် အသင်းသူ၊အသင်းသားများ။

အမည်ပြောင်းလဲဖြည့်စွက်ခြင်း

အဖ ဦးဂင်ခေါလျန်း၏သား မောင်ဂင်တုန်းထန် ၅/ကလထ(နိုင်) ၁၄၃၂၃၃ အား ယနေ့မှစ၍ မောင်ဉာဏ်လင်းထက်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်ဉာဏ်လင်းထက်(ခ) ဂင်တုန်းထန်။**

ကိုဝင်းနိုင်
M.Sc(Maths)
အသက် (၃၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅လမ်း၊ အမှတ် ၉၀နေ(ဦးအောင်မြင့်-ဒေါ်စိန်စိန်)တို့၏သားကြီး၊ ဒေါ်တင်ညွန့်၏မြေး၊ ဦးတင်ထွတ်-ဒေါ်ကြူကြူစမ်း၊ ဒေါ်အမာကြည်၊ ဦးခင်ဇော်၊ မရီရီဝင်း၊ ကိုမြင့်သိန်း၊ မန္တွန့်နွံ့အေးတို့၏တူ၊ မောင်သန်းထိုက်အောင်၊မသန္တာ၊ မပြုံးပြုံးစိန်၊ မောင်သူရိန်ထွတ်၊ မဖြိုးကလျာထွတ်၊ မောင်မျိုးမင်းထွတ်၊ မကြည်ဇာထွတ်တို့၏အစ်ကိုသည် ၃-၄-၂၀၀၄ ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါ နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ ဦးဝင်းမြိုင် ၅/ခဥတ(နိုင်) ဝ၁၇၇၁၄ သည် မိဘသဘောတူညီမှုမပါဘဲ မိမိဆန္ဒအလျောက် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။
ဖခင်-ဦးတော၊ မိခင်-ဒေါ်ခင်မြင့်
ငါးလုံးတင်ရွာ၊ ချောင်းဦးမြို့နယ်။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဘုရား၊တန်ဆောင်း၊မုခ်ဦး
(ငွေပဒေသာပင်)
ဒါယိကာမကြီး
ဒေါ်တင်အိ (အဖျောက်)
အသက်(၈၅)နှစ်

အဖျောက်မြို့နေ(ဦးပွကြီး-ဒေါ်မမ)တို့၏ မြေး၊ (ဦးရွှေလှိုင်-ဒေါ်မြလေး)တို့၏ သမီး၊ (ဒေါ်သန်းရီ) ၏ ညီမ၊ (ဦးထွန်းမြင့်) ၏ အစ်မ၊ အမှတ် ၃၉/က၊ ၆လမ်း၊ အမှတ် (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်အိသည် ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ၆း၄၅ နာရီတွင် Green Cross Specialist Centre၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ဦးချစ်စိန်
(ကျောက်ကုန်သည်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်၅၁၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြင်ဥ၏ခင်ပွန်း၊ ဦးလှမြင့်-ဒေါ်ခင်ကြည်ဦး၊ ဦးငွေတိုး-ဒေါ်စန်းစန်းမြင့်(အထက-၂၊ စမ်းချောင်း၊ ငြိမ်း)၊ ဦးဝင်းဖေ-ဒေါ်အေးကြူ၊ ဦးတင့်ဆွေ-ဒေါ်တင်တင်လှတို့၏ဖခင်၊ မောင်ဇော်မင်းစိုး-မသက်ထားမြင့်၊ မမျိုးပပဆွေ၊ မမျိုးဒါလီဆွေ၊ မောင်ချစ်ညီညီဝင်း၊ မောင်ကောင်းမြတ်တိုး၊ မဝတ်ရည်ဝင်းတို့၏ အဘိုးသည် ၃-၄-၂၀၀၄ ရက် (စနေနေ့)ညနေ ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ကျင်မေ
ရာသက်ပန်-၆၃၁
အသက်(၇၂)နှစ်

ဇလွန်မြို့နေ(ဦးဆင်-ဒေါ်နု)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ မာလာမြိုင် ၃လမ်း၊ အမှတ် ၉၄ နေ ဦးဇော်ဂျီ(ခ)ဦးမြအောင်၏ ဇနီးသည် ၃-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ရက်တွင် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အသင်းသူ အသင်းသားများ လိုက်ပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဦးလှထွန်းညွန့်
စစ်တောင်းစက္ကူစက်(ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ညွန့်-ဒေါ်ခင်ရီ) တို့၏သားကြီး၊ (ဦးခင်မြ)-ဒေါ်ခင်ကြည်တို့၏တူ၊ ဒေါ်အေးအေးကြိုင်-(ဦးတင်အေး)တို့၏မောင်၊ (ဒေါ်မြင့်မြင့်ရီ-ဦးမောင်အေး)၊ ဦးမြင့်ဆွေ-ဒေါ်ညွန့်ရီ၊ ဦးသန်းညွန့်-ဒေါ်ခင်စန်းဝင်းတို့၏ အစ်ကိုသည် ၄-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းထွန်း
(ပေါင်းတည်)
အသက်(၅၃)နှစ်

ပေါင်းတည်မြို့၊နွယ်ချို(၁)ရပ်ကွက်၊ နန်းဦးလမ်းနေ (ဦးစံတင့်-ဒေါ်မြညွန့်) တို့၏ သား၊ (ဒေါ်သန်းသန်းဦး)၏ ခင်ပွန်း၊ မအေးသီတာထွန်း(MRTV)၊ မောင်ဇင်ဇော်ထက်ထွန်း၊ မောင်မင်းမင်းဗိုလ်၊ မောင်ပြည့်ဖြိုး(ထ-၁၊ ဒဂုံ)တို့၏ ဖခင်သည် ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၄း၅၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် စံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကားများ တိုက် ၁၂၊ အခန်း ၃၀၁၊ အောင်ဇေယျအိမ်ရာ၊ (၂၆)ရပ်ကွက်၊ (တ)ဒဂုံနေအိမ်မှ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်တင်(သာကေတ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊အမှတ် ၁၄၀၂၊ထူပါရုံ၁၀လမ်းအရှေ့(၁)ရပ်ကွက်နေ (ဦးအေးမွေ-ဒေါ်လှိုင်)တို့၏သား၊ (ဒေါ်ညွန့်)၏ခင်ပွန်း၊ဦးလှမြင့်-ဒေါ်သန်းနွဲ့၊ ဦးလှစိန်-ဒေါ်ခင်ဆွေရီ၊ ဦးမြင့်လွင်-ဒေါ်သန်းရီ၊ဦးအောင်ကြည်-ဒေါ်စန်းမြင့်၊ ဦးဟုတ်ကြည်- ဒေါ်သက်မာ၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်ဝေ၊ဦးမောင်မောင်အေး- ဒေါ်သင်းသင်းဝေ၊ဦးအေးကျော်-ဒေါ်စိုးစိုးဝေ၊ဦးစိန်မောင်-ဒေါ်ယဉ်ယဉ်ဝေတို့၏ ဖခင်၊ မြေး ၂၂ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည်၃-၄-၂၀၀၄ရက်ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင်အထက်ပါနေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒူဝါဂေါ်ဇမ်ဇော်ဖန်
အသက်(၆၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာ ယခင်နေ (ဦးဂေါ်ဇမ်ဇော်တောင်-ဒေါ်လရီးတောမ်) တို့၏ သား၊ ပြင်ဦးလွင်မြို့၊ ထ/၈၊ စွယ်တော်လမ်းနေ ဒေါ်မရှုရွယ်ထွယ်၏ ခင်ပွန်း၊ ဒေါ်ဂေါ်ဇမ်နန်တောင်-ဦးဂျမ်ဂမ်ဖန်၊ ဒေါ်ဂေါ်ဇမ်နန်ဘန်- ဒူဝါမရစ်ဇော်လွမ်၊ ဦးဂေါ်ဇမ်ခွန်လွန်း-ဒေါ်ဒွမ်ဖောင်းကော့ဖန်၊ မဂေါ်ဇမ်နန်ဆန်၊ မောင်ဂေါ်ဇမ်ခွန်နော်တို့၏ ဖခင်၊ မြေးကိုးယောက် တို့၏အဘိုး၊ (ဒေါ်ဂေါ်ဇမ်ဆိုင်းတောင်-ဦးဖုန်ဂန်ဇော်လီ)၊ ဒေါ်ဂေါ်ဇမ်နန်ဘောက်-(ဦးလမိုင်တူး)၊ ဒေါ်ဂေါ်ဇမ်နန်ဒွဲ-ဦးဇော်ယော်၊ (ဒေါ်ဂေါ်ဇမ်နန်ထု-ဦးကရိန်လလိုင်း)၊ ဒေါ်ဂေါ်ဇမ်နန်ထန်-(ဦးခွန်ထွန်း)၊ ဒေါ်ဂေါ်ဇမ်နန်တောမ်-ဦးဆန်းဒေးတို့၏မောင်၊ ဒေါ်ဂေါ်ဇမ်နန်ပရီ - ဦးဇော်အောင်၊ ဦးဂေါ်ဇမ်ဇော်နော် - ဒေါ်နန်းမူ၊ (ဦးဂေါ်ဇမ်ဇော်အောင်)-ဒေါ်နန်စင်တို့၏အစ်ကိုသည် ၃-၄-၂၀၀၄ ရက် နံနက် ၁၀း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော် စမ်းချောင်းမှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းကြည် (မော်လမြိုင်)
အသက်(၅၂)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ လှည်းတန်းရပ်နေ ဦးပါ-ဒေါ်ညွန့်တို့၏သမီး၊ ဦးသာဇင်-ဒေါ်အေးမြိုင်တို့၏ ချွေးမ၊ ဦးတင်စိန်၊ ဒေါ်တင်တင်ဦးတို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၆၁၊ ဈေးလမ်း ကျောက်မြောင်း၊ တာမွေနေ ဦးစိုးနိုင်၏ ဇနီး၊ မမြတ်မြတ်စိုး၊ မမေမီစိုး၊ မဖြိုးမမစိုးတို့၏မိခင်သည် ၃-၄-၂၀၀၄ရက်(စနေနေ့ မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများနံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
သိက္ခာတော်ရဆရာတော်ကြီး
ဦးအယ်(လ်)ဇော်လှိုင်(ခ)
ဦးအယ်(လ်)ဇော်ဖန်
သင်းအုပ်ကြီး(တိုင်းရင်းသား ခရစ်ယာန်အသင်းတော်၊မင်္ဂလာဒုံ)
နယူးလိုက်ဖောင်ဒေးရှင်း မိဘမဲ့ကလေးစောင့်ရှောက်ရေး ဂေဟာဥက္ကဋ္ဌ
အသက်(၄၈)နှစ်

အမှတ်၈၀၊ သပြေလမ်း၊ (၂/ခ) ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်နေ[ဦးအယ်(လ်) မယမ်ဒူ]-ဒေါ်မာသ တို့၏ သားကြီး၊ ဒေါ်ဘဲလာ[လ/ထ သင်းအုပ်ကြီး၊ တိုင်းရင်းသားခရစ်ယာန် အသင်းတော်]၏ ခင်ပွန်း၊ ဆရာအယ်(လ်)ဇော်စောမ်ဒူ (သင်းအုပ်၊National Christion Church)၊ အယ်(လ်)နန်စောမ်ဒူ၊ အယ်(လ်)ဂွန်ခေါင်ဒူ၊ အယ်(လ်)ဇော်ဆိုင်းဒူ၊ အယ်(လ်)ဇော်စွတ်ဒူ၊ အယ်(လ်)ငွေပျော်ဒူတို့၏ဖခင်၊[အယ်(လ်)ဂျာရော်]၏မောင်၊အယ်(လ်)နန်ဘောက်၊အယ်(လ်)နန်ဒွဲ၊အယ်(လ်)ဇော်မိုင်တို့၏အစ်ကိုကြီးသည် ၂-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၉း၃၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် တိုင်းရင်းသား ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်၍ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်ခရစ်ယာန်သချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်မောင်
(လယ်ဝေး)
အသက် (၈၈)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးမျိုးမြင့်သိန်း-ဒေါ်ကေသီဦးတို့၏ဖခင်၊ မထက်ထက်ဦး၊ မခင်ကျော့ကျော့စံတို့၏ အဘိုးသည် ၄-၄-၂၀၀၄ ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်မြောက်ဥက္ကလာဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်ညွန့်
ပေါင်လောင်ရွာ၊စလင်းမြို့
အသက်(၈၇)နှစ်

စလင်းမြို့၊ ပေါင်လောင်ရွာနေ (ဦးဉာဏ်စော-ဒေါ်စိန်နှစ်)တို့၏သား၊ တပ်မတော်အရိုးဆေးရုံဝင်း၊ အရာရှိအိမ်ရာ၊ တိုက် ၁၈/၆နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဗိုလ်ကြီးဒေါ်ခိုင်ခိုင်(ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ/၃၀၀)၊ဒေါ်သီတာညွန့်(အမက၊ ဘောလုံးစက်ရုံ)၊ ဗိုလ်ကြီးအောင်မျိုးထွန်း(ဖာပွန်)တို့၏ဖခင်သည် ၃-၄-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ၂း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ နံနက် ၁၁း၃၀ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်လွင်
(အရာခံဗိုလ်၊ငြိမ်း)
တပ်မတော်ဆေးရုံကြီး၊မင်္ဂလာဒုံ
သဲကုန်းမြို့နယ်
အသက်(၇၁)နှစ်

ထောက်ကြန့်မြို့နယ်၊ တိလောက ရပ်ကွက်၊ အမှတ် ၁၈၊ မိတ္တလမ်းနေ (ဦးတင့်-ဒေါ်ငွေ) ၏သား၊ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ မနီလာအောင်-ကိုရဲထွဋ်အောင်၊ မနွယ်နွယ်အောင်- (ကိုနေဝင်းဦး)၊ ကိုတင်ထွဋ်အောင်-မဖြူဖြူနှင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ဦး
ကျောင်းအုပ်(အငြိမ်းစား)
(အမက-၂၄၊ဗဟန်း)
အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့၊ အမှတ်၃၅၊ သုခမလမ်းနေ (ဦးချစ်-ဒေါ်ရီ)တို့၏ သမီး၊ (ဦးဘမောင်-ဒေါ်ကျင်မြိုင်)တို့၏ သမီးချွေးမ၊ ဦးကျော်ရွှေ (အတွင်းရေးမှူး-GECပညာရေးအသင်းစုချုပ်) ၏ဇနီး၊ ဦးသောင်းတင်-ဒေါ်စန်းရွှေတို့၏ အစ်မ၊ ကိုမျိုးကျော်[(I.R)(Thiri Cosmetic)]-မကေသွယ်ထွန်း (Dip.T.Med)၊ မဥမ္မာကျော် (I.R) (MLMM Co., Ltd.)တို့၏မိခင်၊ မအိပြည့်ဖြိုးကျော်၏အဘွားသည် ၃-၄-၂၀၀၄ ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၄-၂၀၀၄ရက်မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှထွန်းညွန့်
စစ်တောင်းစက္ကူစက်(ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊(၄)ရပ်ကွက်၊အမှတ်၇၃နေ ဒေါ်သောင်းသောင်းမြင့်၏ခင်ပွန်း၊ ကိုကျော်ဇောဦး-မအေးအေးမြင့်၊ ကိုအောင်သိန်းထွန်း-မနွယ်နီ၊ ကိုရဲဇော်ထွန်း-မအေးအေးသင်း၊ ကိုရဲအောင်ထွန်း-မမြင့်မြင့်ထွေး၊ ကိုမိုးဇော်ထွန်း-မဥမ္မာတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ ရက်(အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကျေးရွာသံဃနာယကဥက္ကဋ္ဌ
ဘဒ္ဒန္တ သြဘာသ မဟာထေရ်
သက်တော်(၈၇)နှစ်၊သိက္ခာတော်(၆၂)ဝါ

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ အေရာကျေးရွာအုပ်စု၊ အုန်းပင်စုကျေးရွာ သာသနာနုဂ္ဂဟကျောင်း၏ဦးစီးပဓာနနာယက ကျေးရွာသံဃနာယကဥက္ကဋ္ဌ ကျေးဇူးတော်ရှင်ဘဒ္ဒန္တသြဘာသမဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၉ရက်(၂၉-၃-၂၀၀၄)ရက် တနင်္လာနေ့ညနေ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆုတ် ၈ရက်(၁၂-၄-၂၀၀၄)ရက် တနင်္လာနေ့တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်သံဃာများနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်
တပည့်သံဃာများ၊ဒါယကာ၊ဒါယိကာမများ။

ဒေါက်တာခါလစ်မောင်မောင်
ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)
ဆမ-၅၈၅
ကလောမြို့
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၅၊ ခွန်နီလမ်းသွယ် ၂၊ သုဝဏ္ဏနေ (ဒေါက်တာခန်း-ဒေါ်ဘီဘီ)တို့၏သား၊ (ဦးစောကယ်လီ-နော်ထူးရွှေ)တို့၏ သားသမက်၊ နော်ဂျဲနက်(ခ)ဒေါ် နော်ကြူကြူဒွေး၏ ခင်ပွန်း၊ ဦးတင်အောင်စိုး-ဒေါ်စန္ဒာဦး၊ ဦးနေဝင်း-ဒေါ်သင်းသင်းနွယ်၊ ဦးကြိုင်လျှမ်း-ဒေါ်မေမေဝင်း၊ ဦးတင်အောင်မိုးတို့၏ ဖခင်၊ မမေအောင်စိုး၊မောင်ဆီဇာနေဝင်း၊မနွယ်နီစိုး၊ မသင်းရန့်ကြိုင်လျှမ်း၊ မောင်ပညာနေဝင်း၊ မောင်ခနေကြိုင်လျှမ်းတို့၏ အဘိုးသည် ၄-၄-၂၀၀၄ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်စွန်နီ ရေဝေးသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ဒါဖနာမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးခင်မောင်မြင့်
အထက-၂၊အင်းစိန်(ငြိမ်း)
အသက်(၇၀)

ပခုက္ကူမြို့နေ (ဦးပေါ်တင့်၊ အမိန့်တော်ရ ရှေ့နေ-ဒေါ်လှိုင်)တို့၏သား၊ စမ်းချောင်း၊ ဖျာပုံလမ်းနေ စာရေးဆရာကြီး (ဦးမြသန်းတင့်)-ဒေါ်ခင်မမ၊ ပခုက္ကူမြို့နေ (ဦးဝင်းဖေ)-ဒေါ်တင်တင် (ဆရာမ၊ အငြိမ်းစား)တို့၏ ညီ/မောင်၊ မော်လမြိုင်မြို့နေ ဦးခင်ထွန်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)၊ ဒေါ်ခင်ခင်(မော်ကွန်းထိန်း၊ငြိမ်း၊ အဝေးသင်တက္ကသိုလ်)၊ဦးအောင်သန်း(ပါမောက္ခ၊ မြန်မာစာဌာန၊ ငြိမ်း)-ဒေါ်ယဉ်ယဉ် (တွဲဖက်ပါမောက္ခ၊ မြန်မာ စာဌာန၊ မန္တလေးတက္ကသိုလ်)၊ ဗိုလ်မှူးမြင့်သိန်း (ငြိမ်း)-ဒေါ်နီနီ၊ ဦးခင်မောင်ထွေး (ကျန်းမာရေးမှူး၊ ငြိမ်း)တို့၏ အစ်ကို၊ ဒေါ်ခင်ညို (အလက-၁၁၊ အင်းစိန်၊ ငြိမ်း)၏ခင်ပွန်း၊ မမိုးသန္တာမြင့် (ဆက်သွယ်ရေး၊ မိုက္ကရိုဝေ့ဗ်)၊ မောင်သန့်ဇင်ဦး (M.P.P.E)-မမျိုးသူဇာမြင့်၊ မောင်အောင်ဇော်မိုး(မီးသတ်ဦးစီးဌာန၊ မော်တော်ယာဉ်)-မမိုးနန္ဒာမြင့်(လွယ်ဟိန်းကုမ္ပဏီ)၊မောင်နေလင်းထက်(1st Year G.T.C)တို့၏ဖခင်သည် ၄-၄-၂၀၀၄ ရက် နံနက်၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုင်းတင်ငွေ
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
(U.N.V Anguilla)
အသက်(၆၁)နှစ်

ခန္တီးမြို့နေ(ဦးဘိုးရင်-ဒေါ်နန်းဟိန်)တို့၏သား၊ ဦးဘိုးချို-(ဒေါ်နန်းပန်းစိန်)တို့၏ သားသမက်၊ (ဦးသန်းဆိုင်)-ဒေါ်မေရီ၊(ဦးခင်မောင်ရင်)-ဒေါ်ငွေချယ်၊ (ဒေါ်အေးကြိုင်)၊ (ဦးတင်မောင်ရင်)-ဒေါ်အုန်းတို့၏ညီ၊ ဦးတင်ရွှေရင် (ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး)-ဒေါ်ခင်စိန်လှိုင်၊ ဦးမိုးဇော်သွင်-ဒေါ်မြသန်းရီ၊ ဦးစိုင်းနိုင်သူ-ဒေါ်နန်းစိန်အေးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေစင်လမ်း၊ အမှတ် ၁၃၂/၂နေ ဒေါ်စုစုချို၏ ခင်ပွန်း၊ နန်းမိုးနွမ်၊ စိုင်းဆိုင်မိုင်း (B.Econ)၊ နန်းဟွမ်ခမ်း(B.Com, CPA 1)တို့၏ဖခင်သည် ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေ နေ့)ညနေ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၀၄ ရက်(အင်္ဂါနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်တင်ကြည်
(အင်းစိန်)
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်နေ (ဦးအောင် မြင့်-ဒေါ်အုံးမြ)တို့၏ သမီး၊ ဦးစိန်ဝင်း(မြန်မာ့ မီးရထား၊ ငြိမ်း)၏ ဇနီး၊ အမှတ်၁၈၂၊ (၁၈)ရပ်ကွက်၊ D/ပုလဲရတနာလမ်း၊ တောင်ဒဂုံနေ ဦးသိန်းအောင်(မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်လှရီတို့၏အစ်မ၊ အမှတ်၂၆၆၊ ဒု/ဝဲ ကျိုက္ကဆံလမ်း၊တာမွေမြို့နယ်နေ(ဦးခင်မောင်အေး၊ ခရိုင်တရားသူကြီး၊ ထားဝယ်၊ တနင်္သာရီတိုင်း)-ဒေါ်ခင်မာအေး၊အမှတ်၁၆၊ (၂၅)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ တ/ဒဂုံနေ ဦးအေးဝင်း(နိကာယ်စာသင်တိုက်)-ဒေါ်ဇင်မာသန်း၊ အမှတ်၁၈၄၊ (၁၈)ရပ်ကွက်၊D/ပုလဲရတနာလမ်း၊တ/ဒဂုံနေ ကိုဆန်းဝင်း-မမူမူမြင့်တို့၏ မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၃-၄-၂၀၀၄ရက်(သောကြာနေ့)ည၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၁၈၄၊(၁၈)ရပ်ကွက်၊ D/ပုလဲရတနာလမ်းနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု။

ဂီတစာဆို
ဦးမြတ်သန်းထိုက်(ခ)
ဦးမြတ်ငြိမ်း
မြန်မာနိုင်ငံဂီတအစည်းအရုံး
အလုပ်အမှုဆောင်အဖွဲ့ဝင်
(ဆို၊က၊ရေး၊တီးဗဟိုအရေး
အကဲဖြတ်ဒိုင်)
အသက်(၇၀)

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ဆရာစံတောင်ပိုင်းရပ်ကွက်နေ (ဦးမောင်ခိုင်-ဒေါ်စန်းရီ)တို့၏ သားကြီး၊ လှိုင်သာယာမြို့၊ (၁၆)ရပ်ကွက်၊ တောင်ဂူလမ်းမကြီး၊အမှတ်၁၂၀၉(ခ)နေ ဒေါ်မြမြငြိမ်း၏ ခင်ပွန်း၊ မဝါဝါလင်းမြတ်၊ မဇာဇာလင်းမြတ်၊ မောင်အောင်ဗိုလ်ဗိုလ်မြတ်၊ မသူသူအောင်တို့၏ ဖခင်သည် ၄-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၀၄ရက် ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအေးသန်း
(မိုးကောင်း)
အသက်(၅၆)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အလယ်ရပ်နေ ဦထွန်းရှင်း-ဒေါ်ချစ်မေတို့၏သားကြီး၊ (ဦးလီတာကွေ-ဒေါ်ဟော့ကျင်မေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၈၄/၂၈၆၊ အခန်း ၁၊ ဒုတိယထပ်၊ ရွှေတိဂုံဘုရားလမ်းနေ ဒေါ်ပြုံးပြုံး၏ခင်ပွန်း၊ မကြွယ်ကြွယ်သန့်(ACCA Part II)၊ မသဇင်သန့် (Computer တတိယနှစ်)၊ မောင်ပြည့်စုံ (ပထမနှစ်၊ B.Tech)တို့၏ ဖခင်၊ ဒေါ်သိန်းသိန်း၊ ဒေါ်စန်းစန်းခင် (King Heart Jewellery ကျောက်မျက်ပြတိုက်)၊ ဦးမြင့်စိုး၊ ဒေါ်ခင်ညိုတို့၏ အစ်ကိုကြီး၊ မောင်ကျော်ခိုင်မြင့်၊ မောင်ဇော်နိုင်မြင့်(ကပစ-၄)၊ မဆွေဝါမြင့်တို့၏ ဘကြီးသည် ဖားကန့်မြို့ နေအိမ်၌ ၂-၄-၂၀၀၄ ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

သုန်သုန်လေရူး နွေဦးပန်းချီပြပွဲ နိုင်ငံခြားရေးဝန်ကြီး ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၄

အနုပညာချစ်မြတ်နိုးသူများအတွက် တစ်မူထူးခြားစွာပြသထားသော ထားဝယ်ပန်းချီဆရာများ၏ သုန်သုန်လေရူး နွေဦးပန်းချီပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဒုတိယနေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ ပြပွဲကော်မတီ ဦးဆောင်နာယက နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် လာရောက်ကြည့်ရှု အားပေးသည်။ **(အောက်ပုံ)**

ပြပွဲတွင် ထားဝယ်ဒေသမှ တစ်ချိန်ကထင်ရှားခဲ့ကြသော အလင်္ကာကျော်စွာဆရာကြီးဦးငွေကိုင်အပါအဝင် ပန်းချီဆရာကြီးများနှင့် ၎င်းတို့၏အနုပညာအမွေကို လက်ဆင့်ကမ်းသယ်ယူလာခဲ့ကြသော လူငယ်ပန်းချီဆရာများ၏လက်ရာများကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ကြရမည်ဖြစ်ပြီး ပြပွဲကို ဧပြီ ၇ ရက် အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လေ့လာကြည့်ရှု ဝယ်ယူအားပေးနိုင်သည်။ **(သတင်းစဉ်)**

ဆရာကြီးဦးငွေကိုင်၏ပြောင်မြောက်သောပန်းချီလက်ရာဖြစ်သည့် ကြည်ညိုဖွယ်ရာ ရှေးရှေးတုန်းကရွှေတိဂုံစေတီတော် ဆီဆေးပန်းချီကားကြီးမှာ ရှေးခေတ်ဟောင်းကို အောက်မေ့ဖွယ်ဖြစ်သည်။ **(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)**

မောင်းမကန်ကမ်းခြေအလှ

လုပ်အားအလှနှင့် သဘာဝအလှကိုပေါင်းစပ်ထားသည့် ဆရာဦးစိုးထွေး၏ မောင်းမကန်ကမ်းခြေအလှမှာ လက်ရာမြောက်လှသည်။ **(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)**

တနင်္သာရီအလှ သို့မဟုတ် သုန်သုန်လေရူး နွေဦးပန်းချီပြပွဲ

သတင်းဆောင်းပါး-မောင်မောင်စိုး၊ မြင့်စိုး။ ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း၊ တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

တနင်္သာရီ။

သည်အမည်ကိုကြားလိုက်သည်နှင့် ရေသယံဇာတ၊ မြေသယံဇာတ၊ သတ္တုသယံဇာတ ကြွယ်ဝလှသောနေရာ၊ မြန်မာနိုင်ငံ၏တောင်ဘက်စွန်း၌ ရှိသောအရပ်ဟူ၍ အကြမ်းဖျင်းသိကြသည်။

ထိုထက်ပို၍ အသေးစိတ်မည်ဆိုပါက ထားဝယ်သားနာမည်ကျော် ပန်းချီဆရာကြီးဦးငွေကိုင်ကို မှတ်မိသိရှိကြပေမည်။ ပြီးတော့ ဆရာကြီး ဦးငွေကိုင်၏ပညာအမွေကို ဆက်ခံဆဲ ဆက်ခံလတ္တံ့သော နာမည်ရ ပန်းချီဆရာများ။

ထို့ကြောင့် တနင်္သာရီသည် သဘာဝသယံဇာတသာကြွယ်ဝသည် မဟုတ်၊ ပန်းချီအနုပညာရပ်ဝန်းတွင်လည်း အကျော်ဒေးယျဖြစ်သည်။ ယခင်ကလည်း ကျော်ကြားခဲ့သည်။ ယခုလည်း ထင်ရှားဆဲ။ နောင်လည်း ပို၍ပို၍

စာမျက်နှာ ၈ ကော်လံ ၁ ■

သရုပ်ပျက်မှုများကိုရှောင်ရှားရမည့် မြန်မာ့သကြ္ကန်

သတင်းဆောင်းပါး-မောင်ငြိမ်းချမ်း၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

အနုပညာနယ်ပယ်တွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ စသော အနုပညာရပ်များ ပါဝင်သည်။ ဤပညာရပ်များဖြင့် အသက်မွေးကြသူများသည် အခြေခံအားဖြင့် သာမန်ပြည်သူများနှင့် မခြား အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသာဖြစ်သည်။

သို့သော် အနုပညာရှင်များတွင် သာမန်ပြည်သူများနှင့်မတူသော ထူးခြားချက်တစ်ရပ်မှာ မိမိအနုပညာဖြင့်အသက်မွေးရင်း မိမိ၏လုပ်ငန်းရပ်များသည် ပတ်ဝန်းကျင်သို့ ကျယ် ပြန့်နက်ရှိုင်းစွာ ထင်ဟပ်ခြယ်သနိုင်ခြင်းပင်ဖြစ်ပေသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

ယနေ့ထုတ်စောင်ရေ- ၂၀၀၀၀၅

မြန်မာ့ယဉ်ကျေးမှုသကြ္ကန်

✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြ္ကန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကျေးလက်တောရွာ၏ရိုးရာယဉ်ကျေးမှုဓလေ့ကို ထင်ဟပ်ဖော်ပြထားသော ပန်းချီထားဝယ်အောင်သိန်း၏ ပန်းချီလက်ရာကို ဤသို့တွေ့ရသည်။ **(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)**